
www.dhammaransi.com

# ဓမ္မစကူးလ်ဖောင်ဒေးရှင်း
# ဗုဒ္ဓဘာသာသင်ခန်းစာ

Dhamma School Foundation

ဓမ္မစကူးလ်ဖောင်ဒေးရှင်း

Grade 3



## တတိယတန်း

ကျောင်းသားကိုင်

www.dhammaransi.com

# ဓမ္မစကူးလ်ဖောင်ဒေးရှင်း

## ဗုဒ္ဓဘာသာသင်ခန်းစာ

## တတိယတန်း

## Grade 3

### ကျောင်းသားကိုင်

www.dhammaransi.com

အမှတ် ၂၉၃၈၂
ရက်စွဲ ၂၃.၇.၁၅

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၆၀၀၆၉၉၁၂၁၃ |
| မျက်နှာဖုံးပန်းချီ | ဦးစိုးစံ |
| အတွင်းပန်းချီ | ဦးစိုးစံ၊ ဦးကျော်အုန်း၊ ဦးဝင်းမြင့်၊ ဦးရှုပ |
| အတွင်းကာလာ | ကိုမင်းထွဋ်၊ ကိုရှိုင်းမိုးအောင်၊ မဝင်းဝင်းမာ |
| မျက်နှာဖုံးနှင့်အတွင်းအပြင်အဆင် | ဓမ္မစကူးလ်ဖောင်ဒေးရှင်း |
| မျက်နှာဖုံးနှင့်အ | ရွှေနိုင်ငံ(၀၅၇၄၅)၊ အမှတ်(၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း -၀၁-၄၀၀၈၉၀၊ ၀၉၂၅၃၅၆၆၆၇ |
| | ဦးဇော်မိုးလွင် (၂၁၄၅) ဓမ္မစကူးလ်ဖောင်ဒေးရှင်းစာပေ (ဘာသာရေး၊ ဗုဒ္ဓဘာသာ)၊ မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| | ဓမ္မစကူးလ်ဖောင်ဒေးရှင်း မြိတ်ကျားကျောင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၃၇၇၂၆၇၊ ၀၉-၂၅၀၃၈၅၈၀၀။ |
| | ၁၀၀၀ ကျပ် |
| | (၁၄)ကြိမ်မြောက် အုပ်ရေ ၂၀၀၀၀၊ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ။ |

"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း" (CIP)

ဓမ္မစကူးလ်ဖောင်ဒေးရှင်း 294.3

ဗုဒ္ဓဘာသာသင်ခန်းစာ၊ တတိယတန်း၊ ကျောင်းသားကိုင်/ဓမ္မစကူးလ်ဖောင်ဒေးရှင်း။ - ရန်ကုန်။

ဓမ္မစကူးလ်ဖောင်ဒေးရှင်းစာပေ၊ ၂၀၁၃။

စာ-၉၆၊ ၂၁ × ၂၉.၇စင်တီ။

(၁)ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ ဗုဒ္ဓဘာသာသင်ခန်းစာ

www.dhammaransi.com

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## မာတိကာ

| စဉ် သင်ခန်းစာ | စာမျက်နှာ |
|---|---|
| ၁။ ကျွန်ုပ်တို့ဓမ္မစကူးလ် | ၁ |
| ၂။ သိဒ္ဓတ္ထမင်းသား | ၅ |
| ၃။ တောထွက်တော်မူခြင်း | ၇ |
| ၄။ ဘုရားဖြစ်တော်မူခြင်း | ၉ |
| ၅။ ဘုရားဖြစ်ပြီးစ အချိန် | ၁၂ |
| ၆။ ဘုရားရှိခိုးရကျိုး | ၁၃ |
| ၇။ အမြတ်ဆုံးသီလ | ၁၄ |
| ၈။ ငါးပါးသီလ | ၁၅ |
| ၉။ မေတ္တာဘာဝနာ စီးဖြန်းခြင်း | ၁၇ |
| ၁၀။ ကောင်းမှုအကျိုး | ၁၉ |
| ၁၁။ မဟာမြတ်မုနိဘုရားကြီး | ၂၂ |
| ၁၂။ ကျွန်စစ်သားမင်း | ၂၅ |
| ၁၃။ ပညာရေးမင်္ဂလာ | ၂၇ |
| ၁၄။ ပြုစုလုပ်ကျွေးရေးနှင့် အသက်မွေးမှုမင်္ဂလာ | ၃၀ |
| ၁၅။ မကောင်းမှုများ ရှောင်ရှားမယ် | ၃၂ |
| ၁၆။ ကိုယ်ချင်းစာတရား | ၃၄ |
| ၁၇။ ကိုရင်လေးသုမန | ၃၇ |
| ၁၈။ မယ်ကာဥ္စီ | ၄၀ |
| ၁၉။ သူ့ကျေးဇူးကို သိတတ်ပါ | ၄၃ |
| ၂၀။ ရွှေသမင်မောင်နှမ | ၄၅ |

၂၁။ ဆရာ့မေတ္တာ ၄၇

၂၂။ မိတ်ဆွေကောင်း ၄၉

၂၃။ ပန်းလှူရကျိုး ၅၁

၂၄။ မျှဝေသုံးစွဲခြင်း ၅၄

၂၅။ မုန့်ဖိုး ၅၇

၂၆။ စည်တီးသမားလေး ၅၉

၂၇။ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချခြင်း ၆၁

၂၈။ ကြိုးစားမှုသာ အဓိကပါ ၆၃

၂၉။ သန့်ရှင်းရေး ၆၄

၃၀။ ချစ်ချစ်ခင်ခင်နေကြမယ် ၆၇

၃၁။ စည်းလုံးခြင်းသည်အင်အား ၆၉

၃၂။ အမှန်အတိုင်း ပြောကြမယ် ၇၂

၃၃။ ချိုချိုသာသာ ပြောဆိုပါ ၇၅

၃၄။ မွေးနေ့ ၇၈

၃၅။ အမူအလေန်းကြီး ပွန်းသူ ၈၁

၃၆။ ဘယ်လိုလူမျိုး ဖြစ်ချင်သလဲ ၈၃

၃၇။ မိုက်မသောသား ၈၅

၃၈။ အားလုံးကို ချစ်မယ် ၈၆

၃၉။ ဘုရားပွဲတော် ၈၇

၄၀။ ဆယ့်နှစ်လရာသီပွဲတော်များ ၉၀

www.dhammaransi.com



# သင်ခန်းစာ (၁)

# ကျွန်ုပ်တို့ ဓမ္မစကူးလ်


## ခရီးသွား တိမ်နတ်သားလေး




ခရီးသွား တိမ်နတ်သားလေးသည် ခရီးသွားရင်း သာယာကုန်းရွာသို့ ရောက်ရှိလာသည်။ ရွာလမ်းပေါ်တွင် တူညီဝတ်စုံများ ဝတ်ဆင်ထားသော ကလေးများကို မြင်သောအခါ စိတ်ဝင်စားသွား၏။ ထို့ကြောင့် တိမ်လွှာလေးများကို စီး၍ ကလေးများကို လိုက်ကြည့်မိသည်။ ကလေးများ ဘုန်းကြီးကျောင်းဝင်းထဲ ဝင်သွားကြသည်။ သူငယ်ချင်းအချင်းချင်း လက်အုပ်ချီ၍ "မင်္ဂလာပါ"ဟု နှုတ်ဆက်နေကြသည်။



www.dhammaransi.com



ထို့နောက် ဘုရားကို သောက်တော်ရေကပ်ကြသည်။ ဘုရားပန်း ကပ်လှူကြသည်။ ကျောင်းဝင်း အတွင်း သန့်ရှင်းရေးလုပ်ကြသည်။ ဘုရားဝတ်ပြုပြီး တရားထိုင်ကြသည်။ ထို့နောက် သက်ဆိုင်ရာ ဓမ္မစကူးလ်အတန်းများတွင် ပျော်ရွှင်စွာ ဝင်ရောက်သင်ယူနားထောင်ကြသည်။ တိမ်နတ်သားလေးသည် ငြိမ်းချမ်းလှသော သာယာကုန်းရွာမှ ကလေးလူငယ်များ၏ ယဉ်ကျေးလိမ္မာပုံများ၊ ညီညီညွတ်ညွတ် တက်တက်ကြွကြွ လုပ်ဆောင်ပုံများကို တွေ့မြင်လိုက်ရသောကြောင့် ဝမ်းသာကြည်နူးသွားပါသည်။



www.dhammaransi.com





တိမ်နတ်သားလေးသည် ခရီးဆက်ရင်း သပြေတောရွာသို့ ရောက်လာခဲ့သည်။ ရွာအနောက်တွင် ညစ်ပတ်နံစော်နေသော အမှိုက်ပုံကြီးကို တွေ့ရသဖြင့် တိမ်နတ်သားလေး စိတ်ပျက်သွားသည်။

ရွာထဲသို့ ကြည့်လိုက်သောအခါ နေမြင့်မှ အိပ်ရာထသော ကလေးများ၊ ရန်ဖြစ်နေကြသော ကလေးများ၊ လူကြီးများအား ရိုင်းပျစွာ ပြောဆိုနေကြသော ကလေးများကို တွေ့ရ၏။ ထိုအခါ တိမ်နတ်သားလေး စိတ်ညစ်ညူးရပြန်သည်။



www.dhammaransi.com





ဓမ္မစကူးလ်တက်နေကြသော သာယာကုန်းရွာက ကလေးများနှင့် သပြေတောရွာက ကလေးများ အလွန်ကွာခြားသည်ကို ကြည့်၍ တိမ်နတ်သားလေး စိတ်မချမ်းမသာ ဖြစ်မိသည်။ ထို့ကြောင့် သပြေတောရွာမှ အလျင်အမြန် ပြန်ထွက်သွားလေတော့သည်။

## ဓမ္မစကူးလ်သွားကြမယ်

လာပါ သူငယ်ချင်း ... ဓမ္မစကူးလ် သွားကြမယ် ...။
ဘုန်းဘုန်းတွေ့မယ် ... ဆရာလေးတွေ့မယ် ... ကုသိုလ်တွေရမယ် ...။
လာပါ သူငယ်ချင်း ... ဓမ္မစကူးလ် သွားကြမယ် ...။
ယဉ်ကျေးရမယ် ... သိမ်မွေ့ရမယ် ... ပျော်ရွှင်သွားရမယ် ...။
လာပါ သူငယ်ချင်း ... ဓမ္မစကူးလ် သွားကြမယ် ...။
ဆေးရောင်ခြယ်မယ် ... ပုံပြောပြမယ် ... သီချင်းတွေ ဆိုကြမယ် ...။
လာပါ သူငယ်ချင်း ... ဓမ္မစကူးလ် သွားကြမယ် ...။
ယဉ်ကျေးရမယ် ... သိမ်မွေ့ရမယ် ... ပျော်ရွှင်သွားရမယ် ...။ ။

www.dhammaransi.com


# သင်ခန်းစာ (၂)
# သိဒ္ဓတ္ထမင်းသား



ရှေးအခါက အိန္ဒိယနိုင်ငံ၊ ကပိလဝတ်မြို့တွင် ဘုရင်ကြီးသုဒ္ဓေါဒန အုပ်ချုပ်မင်းပြုခဲ့သည်။ ဘုရင်ကြီးတွင် မာယာဒေဝီနှင့် ပဇာပတိဂေါတမီဟူသော မိဖုရားနှစ်ပါး ရှိလေသည်။ မိဖုရားမာယာဒေဝီတွင် ဘုရားအလောင်းတော် ပဋိသန္ဓေတည်တော်မူခဲ့သည်။ ပဋိသန္ဓေတည်တော်မူပြီး ဆယ်လကြာသောအခါ မာယာဒေဝီသည် ဘုရင်ကြီးသုဒ္ဓေါဒနထံ ခွင့်ပန်ပြီး မိဘဆွေမျိုးများရှိရာ ဒေဝဒဟပြည်သို့ အခြွေအရံများစွာဖြင့် ခရီးထွက်ခဲ့သည်။ ဘုရားအလောင်းတော်ကို ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည် နှစ်ပြည်ထောင်အကြား လုမ္ဗိနီအင်ကြင်းတောတွင် ဖွားမြင်တော်မူပါသည်။ ဘုရားအလောင်းတော်ကို "သိဒ္ဓတ္ထ"ဟု အမည်ပေးခဲ့ကြသည်။

### ဘုရားအလောင်း ဖွားတော်မူခန်း

သုဒ္ဓေါဒန ဖခင်ပါ၊
မိခင် မယ်မာယာ။
ထူးခြားစွာ ဆင်အိပ်မက်၊
မယ်မာယာမြင်မက်။
အင်ကြင်းတောဘက် မွေးဖွားမြင်၊
ဘုရားအလောင်း တို့အရှင်။
ဖွားမြင်စဉ် နတ်အပေါင်း၊
ပူဇော်တသောင်းသောင်း။ ။



www.dhammaransi.com





သိဒ္ဓတ္ထမင်းသား အသက် ၁၆ နှစ်အရွယ်ရောက်သောအခါ ဆွေတော်မျိုးတော်တို့က "သိဒ္ဓတ္ထသည် ရုပ်အဆင်းသာလှ၍ ပညာမတတ်သူ"ဟု ကဲ့ရဲ့ကြသဖြင့် အတတ်ပညာပြပွဲကြီး ကျင်းပခဲ့သည်။ အတတ်ပညာပြပွဲတွင် သိဒ္ဓတ္ထမင်းသားသည် အခြားလေးသမားအကျော်အမော်တို့ မစွမ်းဆောင်နိုင်သော မြားပစ်နည်းအမျိုးမျိုးကို ပြသခဲ့သည်။

အတတ်ပညာပြပွဲ ပြီးသောအခါ ဒေဝဒဟပြည် ဘုရင်ကြီး၏ သမီးတော် ယသောဓရာမင်းသမီးနှင့် ထိမ်းမြားလက်ထပ်ပြီး ထီးနန်းစည်းစိမ် စံစားတော်မူခဲ့ပါသည်။

## သိဒ္ဓတ္ထမင်းသား

ရုပ်အဆင်းလည်း လှပသူ၊
ပညာတတ်တဲ့ သူ။
အမည်ကမူ သိဒ္ဓတ္ထ၊
မြားပညာစုံပြ။
ဒေဝဒဟမှ ယသောဓရာ၊
ထိမ်းမြားလက်ထပ်ကာ။
ထီးနန်းမှာ သူစံစား၊
ထူးမြတ်တဲ့ မင်းသား။ ။



www.dhammaransi.com



# သင်ခန်းစာ (၃)
## တောထွက်တော်မူခြင်း



ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို တွေ့မြင်၍ လောကစည်းစိမ်များကို ငြီးငွေ့လာခဲ့သည်။

ထီးနန်းစည်းစိမ်များကို စွန့်ပြီး တောထွက်မည့်ညတွင် ယသောဓရာမင်းသမီးနှင့် သားတော်လေးရာဟုလာတို့ကို အိပ်ခန်းဝမှ လှမ်းကြည့်တော်မူသည်။ သားတော်လေးကို ပွေ့ချီနှုတ်ဆက်လိုသော်လည်း ယသောဓရာ နိုးသွားလျှင် တောမထွက်ရန် တားမြစ်မည်ကို စိုးရိမ်သဖြင့် ကြည့်ရုံမျှသာ ကြည့်တော်မူခဲ့သည်။





ဘုရားအလောင်းတော်မင်းသားသည် ဆန္နအမတ်နှင့်အတူ ကဏ္ဍကမြင်းကို စီး၍ တောထွက်တော်မူသည်။ လမ်းခရီးတွင် မာရ်နတ်က တားဆီးခဲ့သော်လည်း မတုန်လှုပ်ဘဲ ကျော်ဖြတ်အနိုင်ယူတော်မူခဲ့သည်။

www.dhammaransi.com







အနော်မာမြစ်ကမ်းတွင် ဆံတော်နှင့် မင်းဝတ်တန်ဆာများကို ပယ်စွန့်တော်မူပြီး ရဟန်းပြုတော်မူခဲ့သည်။ ခုနစ်ရက်ကြာသောအခါ ရာဇဂြိုဟ်မြို့သို့ ကြွရောက်ပြီး သပိတ်ပိုက်၍ ဆွမ်းခံကြွတော်မူသည်။ ရုပ်ရည်ချောမောပြီး အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ရဟန်းဖြစ်နေသော ဘုရားအလောင်းတော်ကို တွေ့လိုက်ရသူ လူအများက အံ့သြနေကြသည်။ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးက ဘုရားအလောင်းတော်ကို



အလွန်လေးစားသွားသဖြင့် "အသက်ငယ်ပါသေးသည်၊ ရဟန်းပြုတော်မမူပါနှင့်ဦး၊ တိုင်းပြည်တစ်ဝက်ကို ပေးပါမည်"ဟု ကမ်းလှမ်းလေသည်။ ဘုရားအလောင်းတော်က "သတ္တဝါများကို ကယ်တင်ရန်အတွက် ဘုရားဖြစ်အောင် ကျင့်ကြံမည်"ဟု ပြောကြားပြီး လက်ခံတော်မမူခဲ့ပေ။ ထိုအခါ မင်းကြီးက ဘုရားဖြစ်လျှင် သူ၏တိုင်းပြည်သို့ ပထမဆုံး ကြွရောက်ပါရန် လျှောက်ထားခဲ့သည်။

## တောထွက်ခန်း

သိဒ္ဓတ္ထဆိုတဲ့ မင်းသားဟာ၊ ထီးနန်းစံမြန်းရာ။
နန်းတော်ထဲမှာ စံစားဘိ၊ အိုနာသေ မသိ။
ဥယျာဉ်ကြည့်ဖို့ လှည့်လည်ရာ၊ လူအိုကို တွေ့ကာ။
လူနာ လူသေ သူတွေ့က၊ ပွားများ သံဝေဂ။
ရဟန်းတွေ့မှ အားကျသူ၊ သူ့ကို အတုယူ။
ငြိမ်းချမ်းမှုကို သူလိုလား၊ တရားရှာဖို့ တောထွက်သွား။ ။

www.dhammaransi.com



# သင်ခန်းစာ (၄)
# ဘုရားဖြစ်တော်မူခြင်း



ဘုရားအလောင်းတော်သည် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ပြီး နည်းလမ်းပြပေးနိုင်မည့် ဆရာကို လိုက်လံရှာဖွေရာ အာဠာရရသေ့နှင့် ဥဒကရသေ့တို့ကို တွေ့ခဲ့သည်။ ရသေ့ကြီးများ ညွှန်ကြားသည့်အတိုင်း အားထုတ်ရာ လောကီစျာန်များ ရရှိခဲ့သည်။ သို့သော် ဤလောကီစျာန်များသည် ဘုရားဖြစ်နိုင်သည့်နည်းလမ်း မဟုတ်ကြောင်း သိလာသောအခါ ကိုယ်တိုင် နည်းလမ်းရှာ၍ ကျင့်ကြံအားထုတ်ခဲ့သည်။

ဘုရားအလောင်းတော်သည် အစားအသောက်များ တဖြည်းဖြည်းချင်း လျှော့စားပြီး အားထုတ်တော်မူခဲ့၏။ အသွေးအသားတို့ ခန်းခြောက်ပြီး အရိုးနှင့် အရေသာ ကျန်တော့သည်။ ထိုသို့ ခြောက်နှစ်တိုင်တိုင် ပင်ပန်းဆင်းရဲစွာ ကျင့်တော်မူခဲ့သည်။ နောက်ဆုံးတွင် ပင်ပန်းဆင်းရဲသော အကျင့်ဖြင့် ဘုရားမဖြစ်နိုင်မှန်း သိခဲ့သည်။ ထို့ကြောင့် ထို ပင်ပန်းဆင်းရဲသော အကျင့်ကို စွန့်လွှတ်တော်မူပြီး အလယ်အလတ်ကျင့်စဉ်ကို ကျင့်ကြံအားထုတ်တော်မူသည်။





ကဆုန်လပြည့်နေ့ နံနက်စောစောတွင် သေနာနိဂုံးနေ သူဌေးသမီးသုဇာတာသည် ဘုရားအလောင်းတော်ကို ညောင်ပင်စောင့်နတ်ဟုထင်ကာ နို့ဃနာဆွမ်းကို ရွှေခွက်နှင့်တကွ ဆက်ကပ်လှူဒါန်းခဲ့သည်။

www.dhammaransi.com



ဘုရားအလောင်းတော်သည် နို့ဃနာဆွမ်းကို အလှူခံတော်မူပြီး နေရဉ္စရာမြစ်ကမ်းသို့ ကြွရောက်တော်မူခဲ့သည်။ ထို့နောက် မြစ်ကမ်းဘေးတွင် ဘုဉ်းပေးတော်မူပြီး "ယနေ့ ဘုရားဖြစ်မည် မှန်ပါက ဤရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသား"ဟု အဓိဋ္ဌာန်ပြု၍ မျှောလိုက်ရာ ရွှေခွက်သည် ရေညာသို့ ဆန်တက်သွားခဲ့လေသည်။



ညနေစောင်းသောအခါ မဟာဗောဓိညောင်ပင်သို့ ထွက်ခွာလာခဲ့၏။ လမ်းခရီး၌ မြက်ထမ်းသမား ငစင် လှူလိုက်သော မြက်ရှစ်ဆုပ်ကို ညောင်ပင်အောက်တွင် ကြဲဖြန့်တော်မူသည်။ "ဘုရားမဖြစ်သမျှ ဤနေရာမှ ငါ မထ"ဟု အဓိဋ္ဌာန်ပြုပြီး တရားကျင့်တော်မူသည်။ တရားကျင့်တော်မူစဉ်အတွင်း မာရ်နတ်မင်းသည် နတ်စစ်သည်အပေါင်း ခြံရံလျက် ဘုရားအလောင်းတော်အား လက်နက်မျိုးစုံဖြင့် လာရောက်တိုက်ခိုက်သည်။ ထိုမာရ်နတ်ကို ဘုရားအလောင်းတော်က မေတ္တာဖြင့် အောင်မြင်တော်မူခဲ့သည်။

www.dhammaransi.com





ထို့နောက် ဘုရားအလောင်းတော်သည် ဉာဏ်အမျိုးမျိုးကို တစ်ဆင့်ပြီးတစ်ဆင့် ရရှိတော်မူသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဘုရားဖြစ်တော်မူပါသည်။

## အောင်ပွဲ

ဘုရားအလောင်းတော် မင်းသားဟာ၊
တရားကျင့်ကြံကာ။
တောထဲမှာ လွန်ခက်ခဲ၊
မလျှော့သော သူ့ဇွဲ။
မာရ်နတ်ကလည်း နှောင့်ယှက်ပြန်၊
မေတ္တာနဲ့တွန်းလှန်။
မာရ်နတ်ရန် အောင်မြင်သွား၊
တို့ရဲ့ မြတ်ဘုရား။ ။

www.dhammaransi.com



# သင်ခန်းစာ (၅)
## ဘုရားဖြစ်ပြီးစ အချိန်



မြတ်စွာဘုရားရှင် ဘုရားဖြစ်ပြီးနောက် ၄၉ ရက်မြောက်နေ့တွင် တပုဿနှင့်ဘလ္လိကဟု ခေါ်သော ကုန်သည်ညီနောင်တို့ ရောက်လာကြသည်။ သူတို့သည် မြတ်စွာဘုရားရှင်အား မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်များ လှူဒါန်းခဲ့ကြသည်။ ကုန်သည်ညီနောင်တို့သည် ဘုရားရတနာနှင့် တရားရတနာ ဟူသော ရတနာနှစ်ပါးကို ပထမဆုံး ကိုးကွယ်ခွင့်ရသူများ ဖြစ်သွားကြလေသည်။


မြတ်စွာဘုရားရှင်သည် ပထမဆုံး တရားတော်ကို အာဠာရနှင့် ဥဒကရသေ့ကြီးတို့အား ဟော ကြားရန် စိတ်ကူးတော်မူခဲ့သည်။ သို့သော်လည်း ရသေ့ကြီးနှစ်ပါး ကွယ်လွန်သွားကြပြီဖြစ်ကြောင်း သိရသဖြင့် ဥရုဝေလတောမှ မိဂဒါဝုန်သို့ ကြွတော်မူပြီး ကောဏ္ဍညၤ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်နှင့် အဿဇိ ဟူသော ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦး ဟောတော်မူခဲ့လေသည်။ တရားဟောအပြီးတွင် ပဉ္စဝဂ္ဂီငါးဦးလုံး မြတ်စွာဘုရားရှင်၏ တပည့်ရဟန်းများ ဖြစ်လာကြပြီး သံဃာရတနာ စတင် ပေါ်ပေါက်လာခဲ့ပါသည်။





www.dhammaransi.com


# သင်ခန်းစာ (၆)
# ဘုရားရှိခိုးရကျိုး



## ဘုရားရှိခိုးရကျိုး

ဘုရားရှိခိုးအကျိုးမှာ၊
ဘုရားရှိသေလာ။
ကျိုးနွံကာ သဒ္ဓါပွား၊
သတိ ပညာများ။
ပီတိတဖွားဖွား ဖြစ်ကာရယ်၊
ဒုက္ခခံနိုင်တယ်။
စိတ်ထဲဝယ် ဘုရားအထံပါး၊
နေတယ်လို့ ခံစား။
ဘုရားရှိခိုးတဲ့ ကိုယ်ခန္ဓာ၊
စေတီထိုက်သည်သာ။
အကျိုးများစွာ ရတာမို့၊
ဘုရားရှိခိုးစို့။ ။

## တစ်ကြိမ်ရှိခိုး အကျိုးများစွာ

ရှေးအခါက ဆင်းရဲသားလေးတစ်ယောက် ရှိလေသည်။ သူ့အမည်မှာ မောင်မေတ္တာဖြစ်၏။ သူသည် ဆင်းရဲလွန်းသဖြင့် နေ့စဉ် ယာတောထဲတွင် ပင်ပင်ပန်းပန်း လုပ်ကိုင်နေရသည်။ မြတ်စွာဘုရားကို ကြည်ညို သော်လည်း သွားရောက်မဖူးမြော်နိုင်ခဲ့ပါ။

တစ်နေ့သ၌ မောင်မေတ္တာသည် တောထဲတွင် အလုပ်လုပ်နေရာမှ ကိစ္စတစ်ခုရှိသဖြင့် အိမ်သို့ ပြန်လာခဲ့သည်။ ထိုအချိန်တွင် ဝိပဿီဘုရားရှင်သည် မြို့တွင်းသို့ နောက်ပါရဟန်းများစွာဖြင့် ကြွလာ တော်မူသည်။ ဆင်းရဲသားလေးသည် မြတ်စွာဘုရားရှင်နှင့် သံဃာတော်များကို ကြည်ညိုစွာဖြင့် လက်အုပ် ချီမိုး ရှိခိုးလိုက်လေသည်။ ထိုကဲ့သို့ တစ်ကြိမ်တစ်ခါ ရှိခိုးရသောကောင်းမှုကြောင့် ဆင်းရဲသားလေးသည် အဆင့်အတန်းမြင့်သော ဘဝပေါင်းများစွာကို ရရှိခဲ့လေသည်။

www.dhammaransi.com

# သင်ခန်းစာ (၇)
# အမြတ်ဆုံးသီလ





## သီလရှိသော အမတ်ကြီး

လွန်လေပြီးသောအခါက တိုင်းပြည်တစ်ပြည်တွင် အကျင့်သီလနှင့်ပြည့်စုံသော နန္ဒအမည်ရှိ အမတ်ကြီးတစ်ဦး ရှိလေသည်။ သူသည် ပြဿနာများကို မှန်မှန်ကန်ကန် ဖြေရှင်းဆုံးဖြတ်ပေးတတ်၏။ ထို့ကြောင့် သူ့ကို ဘုရင်နှင့်တကွ တိုင်းသူပြည်သားများက လေးစားကြသည်။ တစ်နေ့တွင် အမတ်ကြီးသည် "ငါ့ကို ဘုရင်နှင့်တကွ လူအများက လေးစားကြ၏၊ ဤသို့ လေးစားကြသည်မှာ ငါ၏ စည်းစိမ်ဥစ္စာများကြောင့်လော၊ ရာထူးကြောင့်လော၊ မျိုးရိုးကြောင့်လော စမ်းသပ်ကြည့်ဦးမှပဲ"ဟု တွေးမိလေသည်။

ထိုနေ့မှစ၍ အမတ်ကြီးသည် ဘုရင့်ဘဏ္ဍာတိုက်ထဲမှ ငွေအနည်းငယ်ကို နေ့စဉ် ခိုးယူခဲ့၏။ ငွေထိန်းက တွေ့မြင်သော်လည်း "အမတ်ကြီးဟာ သီလရှိသူ ဖြစ်တယ်၊ ခိုးတာ မဟုတ်လောက်ပါဘူး"ဟု တွေးပြီး တစ်စုံတစ်ရာ မပြောဘဲ နေခဲ့သည်။ နေ့စဉ်နေ့တိုင်း တွေ့ရသောအခါ မနေသာတော့ဘဲ အမတ်ကြီးကို ဘုရင့်ထံသို့ ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြသည်။ ဘုရင့်ထံ ရောက်သောအခါ အမတ်ကြီးက "ဘဏ္ဍာငွေများကို ခိုးလိုစိတ်ဖြင့် ယူခြင်း မဟုတ်ပါ၊ လူအများ ချစ်ခင်မြတ်နိုးရသည့်အကြောင်းကို စမ်းသပ်လို၍ ယူခဲ့ခြင်းဖြစ်ပါသည်"ဟု ရှင်းပြလိုက်လေသည်။ လူများ အထင်ကြီးလေးစားသည်မှာ အကျင့်သီလကောင်းမွန်ခြင်းကြောင့်ဖြစ်ကြောင်း အမတ်ကြီး သဘောပေါက်သွားပါသည်။ အကြောင်းရင်းမှန်ကို သိသွားသော ဘုရင်နှင့် တိုင်းသူပြည်သားများက အမတ်ကြီးကို ရှေးကထက် ပို၍ လေးစားသွားကြလေသည်။





www.dhammaransi.com




# သင်ခန်းစာ (၈)
# ငါးပါးသီလ

## ငါးပါးသီလအကျိုး



မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဆင်းရဲသား တစ်ဦး ရှိခဲ့ပါသည်။ သူသည် သူဌေးကြီးတစ်ဦး၏ အိမ်တွင် အလုပ်လုပ်နေရပါသည်။ အခြားသူများ အလှူအတန်း ပြုလုပ်နေသည်ကို တွေ့ပြီး သူလည်း အလှူအတန်း ပြုလိုစိတ် ဖြစ်ပေါ်လာသည်။ သို့သော် လှူစရာ မရှိသဖြင့် စိတ်မကောင်းဖြစ်နေရ၏။



တစ်နေ့တွင် ဆင်းရဲသားလေးသည် ငွေကြေး ကုန်ကျမှုမရှိသော ကုသိုလ်ကောင်းမှုတစ်မျိုးကို သတိရမိလေသည်။ သို့ဖြစ်၍ သူသည် ရဟန်းတော်တစ်ပါးထံသို့ သွားရောက်ပြီး ငါးပါးသီလ ခံယူဆောက်တည်ခဲ့သည်။

သူသည် ငါးပါးသီလကို မကျိုးမပေါက်အောင် ကြိုးစား ထိန်းသိမ်းခဲ့ပါသည်။ ထိုကုသိုလ်ကောင်းမှုကြောင့် နောက်ဘဝတွင် နတ်သားတစ်ပါး ဖြစ်သွားခဲ့ပါသည်။ ဘဝပေါင်းများစွာတွင်လည်း ချမ်းသာကြွယ်ဝသူ ဖြစ်ခဲ့ရပါသည်။



www.dhammaransi.com

## သီလတောင်း

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ – အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ – အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဘုန်းဘုန်း – ယံ မဟံ ဝဒါမိ၊ တံ ဝဒေထ။

လူများ – အာမ ဘန္တေ။

ဘုန်းဘုန်း – နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၁ ကြိမ်)

လူများ – နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၃ ကြိမ်)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ – ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ – ဓမ္မံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ – သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ – ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ – ဓမ္မံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ – သံဃံ သရဏံ ဂစ္ဆာမိ။

ဘုန်းဘုန်း – တိသရဏဂမနံ ပရိပုဏ္ဏံ။

လူများ – အာမ ဘန္တေ။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။ သူ့အသက်လည်း မသတ်ဘဲ အမြဲရှောင်ကြဉ်မည်။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။ သူ့ဥစ္စာလည်း မခိုးဘဲ အမြဲရှောင်ကြဉ်မည်။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။ သူ့အိမ်ရာလည်း မမှားဘဲ အမြဲရှောင်ကြဉ်မည်။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။ လိမ်ညာ၍လည်း မပြောဘဲ အမြဲရှောင်ကြဉ်မည်။

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။ သေရည်အရက်လည်း မသောက်ဘဲ အမြဲရှောင်ကြဉ်မည်။

www.dhammaransi.com



# သင်ခန်းစာ (၉)

## မေတ္တာဘာဝနာ စီးဖြန်းခြင်း

### ကျောင်းသူလေး နီနီ



ကျောင်းသူလေး နီနီသည် ကျောင်းစာများကို ကောင်းစွာ မကျက်မှတ်နိုင်ပါ။ မကြာခဏလည်း မေ့နေတတ်သည်။ ထို့ကြောင့် သူ့အမေက သူ့ကို ဘုန်းကြီးကျောင်းသို့ ခေါ်သွားပြီး ဆရာတော်ထံမှ အကြံဉာဏ် တောင်းပါသည်။


ဆရာတော်က အောက်ပါအတိုင်း အကြံပေးလိုက်သည်။

ဘုရားခန်းကို သန့်ရှင်းရေး လုပ်ပါ။ ပန်း၊ ဆီမီး၊ အမွှေးတိုင်များ ကပ်လှူပါ။ ငါးပါးသီလ ဆောက်တည်ပါ။ ဆယ်မိနစ်ခန့် တရားထိုင်ပါ။ တရားထိုင်ပြီးလျှင် "ငါသည် ကျန်းမာပါစေ။ ချမ်းသာပါစေ။ ငါသည် အနာရောဂါကင်းပြီး ကျန်းမာချမ်းသာပါစေ။ ငါသည် ဘေးရန်ကင်းပြီး ကျန်းမာချမ်းသာပါစေ။ ငါသည် ကျန်းမာချမ်းသာစွာဖြင့် မိမိအကျိုး၊ သူတစ်ပါးအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေ"ဟု မိမိကိုယ်ကို မေတ္တာပွားများပါ။ ပြီးရင် မိဘ၊ ဆရာ၊ မိတ်ဆွေနဲ့ လူသားအားလုံးကို တစ်ဆင့်ပြီးတစ်ဆင့် မေတ္တာပွားများပါ။



www.dhammaransi.com





ဆရာတော်သည် အထက်ပါအတိုင်း အကြံဉာဏ်များ ပေးလိုက်သည်။ ထို့အပြင် တရားထိုင်ပုံထိုင်နည်းများ၊ တရားထိုင်ခြင်း၏ အကျိုးတရားများကိုလည်း ရှင်းပြလိုက်သည်။ ယနေ့ခေတ်၌ အနောက်တိုင်းသားများပင် ဗုဒ္ဓမြတ်စွာ ညွှန်ပြခဲ့သည့်အတိုင်း တရားအားထုတ်နေကြကြောင်းကိုလည်း ပြောပြခဲ့လေသည်။ နိုနိုလေးသည် ဆရာတော် အကြံပေးလိုက်သည့်အတိုင်း လိုက်နာအားထုတ်ရာ စိတ်တည်ငြိမ်လာပြီး ကျောင်းစာများကို အလွယ်တကူ လေ့လာမှတ်သားလာနိုင်သည်။ မိဘများနှင့် သူငယ်ချင်းများကလည်း နိုနိုလေးကို ပိုမိုချစ်ခင်လာကြလေသည်။

## ဗြဟ္မစိုရ်တရားလေးပါး

(၁) မေတ္တာ (ချစ်ခင်ကြင်နာစိတ်ရှိခြင်း)

(၂) ကရုဏာ (စာနာသနားခြင်း)

(၃) မုဒိတာ (သူတစ်ပါး၏ ပျော်ရွှင်မှုအပေါ် ဝမ်းသာကြည်နူးခြင်း)

(၄) ဥပေက္ခာ (မချစ်၊ မမုန်းဘဲ အသင့်အတင့် သဘောထားခြင်း)။

www.dhammaransi.com



# သင်ခန်းစာ (၁၀)
## ကောင်းမှုအကျိုး



ရှေးအခါက ကမ်းခြေရွာလေးတစ်ရွာတွင် လူငယ်တစ်ဦး ရှိသည်။ သူ့အမည်မှာ မောင်သီလဖြစ်၏။ သူသည် ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်သည်။ နေ့စဉ်နေ့တိုင်း ဘုရားရှိခိုး၊ ငါးပါးသီလဆောက်တည်ပြီး သတ္တဝါအားလုံးကို အမျှပေးဝေလေ့ရှိသည်။ တစ်နေ့တွင် မောင်သီလသည် သင်္ဘောကြီးဖြင့် ခရီးထွက်ခဲ့ရာ လမ်းခရီး၌ သင်္ဘောပျက်လေသည်။ သူသည် နီးစပ်ရာ သစ်တုံးတစ်တုံးကို ဖက်ပြီး လိုက်ပါခဲ့ရသည်။ သူနှင့်အတူ မောင်ဗာလဆိုသူလည်း လိုက်ပါလာခဲ့သည်။ သူတို့နှစ်ဦးသည် ကျွန်းတစ်ကျွန်းပေါ်သို့ ရောက်သွားကြသည်။

မောင်သီလသည် ကျွန်းပေါ်ရောက်သည်နှင့် မိမိပြုနေကျအတိုင်း ဘုရားရှိခိုးခြင်း၊ သီလဆောက်တည်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှဝေခြင်းများကို ပြုလုပ်သည်။ သူတစ်ပါးအသက်ကို မသတ်ဘဲ သစ်သီးများသာ စားသောက်ပြီး နေထိုင်သည်။





www.dhammaransi.com




မောင်ဗာလကား ကျွန်းပေါ်ရှိ ငှက်ကလေးများ၊ ယုန်ကလေးများကို သတ်ဖြတ်စားသောက်လေသည်။ ထို့ကြောင့် ကျွန်းစောင့်နတ်များသည် နေ့စဉ် ဘုရားရှိခိုးပြီး အမျှပေးဝေသော မောင်သီလကိုသာ ကယ်တင်ရန် ဆုံးဖြတ်ကြလေသည်။


နဂါးမင်းသည် သူ၏ ခန္ဓာကိုယ်ကို သင်္ဘောအဖြစ် ဖန်ဆင်းလိုက်သည်။ ပင်လယ်ရေစောင့်နတ်ကလည်း သင်္ဘောမောင်းသူအသွင် ဖန်ဆင်းပြီး သင်္ဘောဝမ်းဗိုက်ထဲတွင် ရွှေငွေကျောက်သံပတ္တမြားများ ထည့်ကာ ကျွန်းနားသို့ ကပ်လာခဲ့သည်။ နတ်များသည် သင်္ဘောပေါ်သို့ မောင်သီလကိုသာ တက်ခွင့်ပြုသည်။ ဘုရားတရားကို သတိမရဘဲ သူတစ်ပါးအသက်ကို သတ်ဖြတ်စားသောက်နေသော မောင်ဗာလကို တက်ခွင့်မပြုကြပေ။ ထိုအခါ စိတ်ထားကောင်းသော မောင်သီလသည် သူပြုထားသော ကုသိုလ်ကောင်းမှု၏ အဖို့ကို မောင်ဗာလအား အမျှပေးဝေသည်။ မောင်ဗာလက သာဓုခေါ်လိုက်သည့်အခါမှသာ နတ်များက သင်္ဘောပေါ် တက်ခွင့်ပြုခဲ့ကြလေသည်။ ကုသိုလ်ကောင်းမှု အမြဲပြုသော မောင်သီလကြောင့် သူတို့နှစ်ဦးသည် ကမ်းခြေရွာလေးသို့ ပျော်ရွှင်စွာ ပြန်ရောက်ခဲ့ကြလေသည်။ မောင်ဗာလသည် မောင်သီလကို အားကျပြီး ကုသိုလ်ကောင်းမှုများကို မမေ့မလျော့ ပြုလုပ်နေထိုင်သွားပါတော့သည်။



www.dhammaransi.com

သုတေသနစာကြည့်တိုက်
သာသနာရေးတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန





## အမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကြူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရငြားပါစေ၊ အမျှဝေ၏။ မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေဌ၏။

မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဣန္ဒြဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ မပြတ်ပုည၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏။ သဗ္ဗေ သတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်ကာ၊ သတ္တာဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဌီတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏။

ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည် ဖြစ်စေသောဝ်။ ဝသုန္ဓရေ၊ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေအမှု၊ တည်စေသောဝ်။

(အမျှ ... အမျှ ... အမျှ ... ယူတော်မူကြပါကုန်လော့။
သာဓု ... သာဓု ... သာဓု ....) (၃ ကြိမ်)

၂၉၃၈၂

www.dhammaransi.com



# သင်ခန်းစာ (၁၁)
# မဟာမြတ်မုနိဘုရားကြီး



မဟာမြတ်မုနိဘုရားကြီးသည် မန္တလေးမြို့တွင် အထင်ရှားဆုံး ဘုရားကြီးတစ်ဆူ ဖြစ်ပါသည်။ ရခိုင်မင်းအဆက်ဆက် ကိုးကွယ်ပူဇော်ခဲ့သောကြောင့် မဟာမြတ်မုနိဘုရားကြီးကို ရခိုင်ဘုရားကြီးဟုလည်း ခေါ်ကြသည်။ ဘိုးတော်မင်းတရားကြီး၏ သားတော် အိမ်ရှေ့မင်းသား သီဟသူရက ဘုရားကြီးကို ရခိုင်ပြည်နယ်မှ ပင့်ဆောင်ခဲ့သည်။ ဘုရားကြီး၏ ဉာဏ်တော် အမြင့်မှာ ၁၁ ပေနှင့် ၆ လက်မရှိပြီး ပလ္လင်တော်အမြင့်မှာ ၇ ပေ ရှိပါသည်။

www.dhammaransi.com



# ရွှေဝါရောင်နတ်သမီး



ရှေးအခါက သူဌေးကြီးတစ်ဦးတွင် အလွန်ချောမောလှပသော မိဝါအမည်ရှိ သမီးလေးတစ်ဦး ရှိလေသည်။ မိဝါလေး၏ မိဘများသည် ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ကြသည်။ ရွှာဦးစေတီတော်နှင့် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ကုသိုလ်ကောင်းမှုများ ပြုလေ့ရှိကြသည်။ ထိုသို့ ပြုလုပ်ရန် မိဘများက ခေါ်သော်လည်း မိဝါလေးက လိုက်လေ့မရှိပေ။ ကုသိုလ်ကောင်းမှု မလုပ်လိုသော သမီးလေးအတွက် မိဘများ စိတ်မကောင်းဖြစ်နေကြသည်။ တစ်နေ့တွင် မိဝါလေး အပြင်းအထန် ဖျားလေသည်။ အလွန်ကျွမ်းကျင်သော ဆေးဆရာများ ပင့်ပြီး ကုသသော်လည်း မသက်သာခဲ့ပေ။



www.dhammaransi.com





ထိုအခါမှ မိဝါလေးသည် စေတီတော်ကို ဖူးမြော်လိုစိတ် ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် မိဘများကို စေတီတော်သို့ လိုက်ပို့ပေးရန် ပြောသည်။ မိဘများသည် အလွန်ဝမ်းသာသွားပြီး ဘုရားပူဇော်ရန် ပန်းနံ့သာများ၊ အမွှေးတိုင်နှင့် ဖယောင်းတိုင်များ ပြင်ဆင်ပေးကြသည်။ အားလုံး အဆင်သင့်ဖြစ်သောအခါ မိဝါလေးသည် မိဘများနှင့်အတူ စေတီတော်သို့ သွား၍ ဆီမီး၊ အမွှေးတိုင်နှင့် ပန်းနံ့သာတို့ကို ရိုသေစွာ ကပ်လှူပူဇော်လေသည်။ မိဝါလေးသည် ထိုကဲ့သို့ တစ်ကြိမ်တစ်ခါသာ ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုကြောင့် နောက်ဘဝတွင် နတ်ပြည်၌ ရွှေပြာသာဒ်ကြီးကို ပိုင်ဆိုင်သော ရွှေဝါရောင်နတ်သမီးလေးတစ်ပါး ဖြစ်သွားရလေသည်။



www.dhammaransi.com



# သင်ခန်းစာ (၁၂)
## ကျန်စစ်သားမင်း



မြန်မာ့သမိုင်းတွင် ကျန်စစ်သားမင်းကြီးသည် ထူးချွန်ပြောင်မြောက်သော မင်းတစ်ပါး ဖြစ်ပါသည်။ သူသည် နိုင်ငံအတွက် အထူးကြိုးစားဆောင်ရွက်သကဲ့သို့ ဗုဒ္ဓဘာသာ တိုးတက်ထွန်းကားရေးအတွက်လည်း ကြိုးပမ်းခဲ့ပါသည်။ သူ၏ ဆရာသည် ရှင်အရဟံ ဖြစ်ပါသည်။

ကျန်စစ်သားမင်းကြီးသည် ဘယ်လက်ဖြင့် အဝတ်အစားများ ပေး၍ ညာလက်ဖြင့် အစားအသောက်များ ပေးမည်ဖြစ်ကြောင်း တိုင်းသူပြည်သားများကို ကတိပေးပြီး အုပ်ချုပ်ခဲ့လေသည်။ မင်းကြီးသည် စေတီပုထိုးများစွာကိုလည်း တည်ထားကိုးကွယ်ခဲ့သည်။ ထိုစေတီများအနက် ရွှေစည်းခုံစေတီတော်နှင့် အာနန္ဒာစေတီတော်တို့မှာ အထင်ရှားဆုံး ဖြစ်ပါသည်။

www.dhammaransi.com



## အာနန္ဒာစေတီတော်

အာနန္ဒာစေတီတော်သည် ပုဂံမြို့ရှိ စေတီပုထိုးများစွာအနက် လက်ရာအမြောက်ဆုံး၊ အထူးခြားဆုံးနှင့် အသပ္ပာယ်ဆုံး စေတီတစ်ဆူ ဖြစ်ပါသည်။ စေတီတော်ကိုယ်ထည်၏ အရပ်လေးမျက်နှာရှိ မုခ်ဦးတစ်ခုစီတွင် ကြေးရုပ်ပွားတော်တစ်ဆူစီကို ပူဇော်ထားရှိပါသည်။

စေတီတော်၏ အပြင်ဘက်ပိုင်းက ထူးခြားတင့်တယ်သကဲ့သို့ အတွင်းပိုင်းနံရံများတွင် ရေးဆွဲထားသော ဗုဒ္ဓဝင်ဆိုင်ရာ နံရံဆေးရေးပန်းချီများကလည်း လက်ရာပြောင်မြောက်လှပါသည်။ ထို့အပြင် အတွင်းဘက်တွင် ကျောက်ဆင်းတုတော်များနှင့် ကျန်စစ်သားမင်းကြီး၏ ရုပ်တုကိုပါ ထုလုပ်ထားရှိပါသည်။

## ကျန်စစ်သားမင်း

ရာဇဝင်တွင်ရစ်တဲ့၊
ကျန်စစ်မင်းစေတနာ၊
လေးစားဖွယ်ရာ။
ပုဂံခေတ်သာသနာ၊
စည်ပင်ကာ ပြန့်ပွား။
ရွှေစည်းခုံ အာနန္ဒာနဲ့၊
စေတီသာ ကုသိုလ်များရယ်၊
အံ့ဖွယ်မြောက်မြား။ ။

www.dhammaransi.com




# သင်ခန်းစာ (၁၃)

## ပညာရေးမင်္ဂလာ



### ပညာရှိသမီးငယ်

ရှေးအခါက အရပ်တကာ လှည့်လည်ပြီး စီးပွားရှာနေကြသော ကုန်သည်ခုနစ်ဦး ရှိကြပါသည်။ သူတို့သည် ရရှိလာသော ငွေငါးရာကို မခွဲဝေသေးဘဲ သူဆင်းရဲမတစ်ဦးထံတွင် အပ်နှံထားသည်။ အပ်နှံထားသောငွေများကို ခုနစ်ယောက်လုံးစုံမှ ပြန်ပေးရန်လည်း မှာထားကြလေသည်။ ငွေခုနစ်ရာပြည့်မှ တစ်ယောက်တစ်ရာ ခွဲဝေယူရန် သဘောတူထားကြသည်။ ထို့နောက် အိမ်အနီးက ချောင်းထဲတွင် ရေချိုးသွားကြသည်။ ဆပ်ပြာမရှိသဖြင့် အငယ်ဆုံးကုန်သည်ကို ဆပ်ပြာသွားယူရန် သူဆင်းရဲမအိမ်သို့ လွှတ်လိုက်ကြသည်။ အငယ်ဆုံးကုန်သည်သည် မရိုးသားသူဖြစ်သောကြောင့် ငွေငါးရာကို လိမ်လည်လှည့်ဖြားပြီး တစ်ဦးတည်း တောင်းယူသွားလေသည်။



www.dhammaransi.com





ကုန်သည်ခြောက်ယောက်တို့သည် သူဆင်းရဲမကို မကျေနပ်သဖြင့် ဘုရင့်ထံခေါ်သွားပြီး တရားစွဲလေသည်။ ဘုရင်သည် အသေအချာ စစ်ဆေးမေးမြန်းခြင်း မပြုဘဲ သူဆင်းရဲမကို ကုန်သည်ခြောက်ယောက်အိမ်တွင် တစ်လှည့်စီ အလုပ်လုပ်ပေးရန် အမိန့်ချမှတ်လိုက်သည်။ ထိုအချိန်မှစ၍ သူဆင်းရဲမသည် ကုန်သည်ခြောက်ယောက်အိမ်တွင် တစ်လှည့်စီ အလုပ်လုပ်ပေးနေရလေသည်။

သူဆင်းရဲမတွင် သမီးလေးတစ်ယောက် ရှိပါသည်။ သူဆင်းရဲမ၏ သမီးလေးသည် အချိန်ရှိသမျှ စာပေများကို လေ့လာသည်။ ပညာရှိများ၏ စကားများကိုလည်း အသေအချာ နားထောင်တတ်သည်။ ထို့ကြောင့် အရွယ်ရောက်လာသောအခါ အသိဉာဏ်ဗဟုသုတ ပြည့်စုံကြွယ်ဝသော အမျိုးသမီးလေးတစ်ယောက် ဖြစ်လာခဲ့ပါသည်။ တစ်နေ့သောအခါ ကုန်သည်ခြောက်ယောက်၏ အိမ်တွင် အလုပ်လုပ်ပေးနေရခြင်း အကြောင်းကို မိခင်အား မေးမြန်းရာ အဖြစ်မှန်ကို သိသွားခဲ့သည်။ ထို့ကြောင့် ဘုရင့်ထံသွားရောက်ပြီး မိခင်၏အမှုကို ပြန်လည်စစ်ဆေးပေးရန် တောင်းဆိုသည်။



www.dhammaransi.com





ဘုရင့်အမိန့်ဖြင့် ကုန်သည်ခြောက်ယောက် ရောက်လာသောအခါ သမီးလေးက "ကုန်သည်တို့ ... သင်တို့၏ငွေများကို ပြန်ပေးမည်၊ သို့သော် သင်တို့ ငွေအပ်ချိန်က ခုနစ်ယောက်ရှိသည်၊ ခုနစ်ယောက် ပြည့်မှ ငွေလာယူပါ"ဟု ဆိုလေသည်။ ကုန်သည်များသည် ခုနစ်ယောက်ပြည့်အောင် မစုနိုင်သဖြင့် အရှုံးပေး ခဲ့ရပါသည်။ ဘုရင်သည် ပညာဗဟုသုတ ပြည့်စုံကြွယ်ဝသော အမျိုးသမီးလေးကို မိဖုရားကြီးအဖြစ် တင်မြှောက်လိုက်လေသည်။

## ပညာရေးမင်္ဂလာ


တတ်ကောင်းတတ်ရာ ဟူသမျှကို၊
ကြားမြင်သုတရှိပါစေ။
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊
အသက်မွေးဖို့ အတတ်သင်လေ။
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊
ကောင်းစွာသင်ကြား နားလည်စေ။
မှန်ကန်ယဉ်ကျေး၊ ချိုသာအေး၊
ဆိုရေးတတ်ပါစေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။ ။

www.dhammaransi.com



# သင်ခန်းစာ (၁၄)


# ပြုစုလုပ်ကျွေးရေးနှင့် အသက်မွေးမှုမင်္ဂလာ



## မိဘပြုစုသော ဆင်လိမ္မာလေး

ရှေးအခါက တောအုပ်ကြီးတစ်ခုတွင် မျက်မမြင်မိဘနှစ်ပါးကို ကျွေးမွေးပြုစုနေသော ဆင်ဖြူတော်လေးတစ်စီး ရှိပါသည်။ တစ်နေ့တွင် ဆင်ဖြူတော်လေးသည် တောထဲ၌ မျက်စိလည်နေသော မုဆိုးတစ်ယောက်ကို အိမ်ပြန်ရန် လမ်းပြပေးခဲ့သည်။

ကျေးဇူးကန်းသော မုဆိုးသည် ဆင်ဖြူတော်လေးရှိရာအရပ်ကို ဘုရင်ကြီးအား လျှောက်တင်လိုက်လေသည်။ ဘုရင်ကြီးသည် ဆင်ထိန်းများကို ခေါ်ပြီး ဆင်ဖြူတော်လေးကို ဖမ်းခိုင်းလိုက်ပါသည်။ ဆင်ဖြူတော်လေးသည် နန်းတွင်းရောက်သောအခါ အစားအသောက်ကောင်းများ ကျွေးသော်လည်း မစားမသောက်ဘဲ နေလေသည်။





www.dhammaransi.com





ဘုရင်ကြီးက ဆင်ဖြူတော်လေးအား "အဘယ့်ကြောင့် အစာမစားရသနည်း"ဟု မေးလေ၏။ ဆင်ဖြူတော်လေးက "ကျွန်ုပ်သည် မျက်မမြင်မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးနေသူ ဖြစ်ပါသည်၊ ကျွန်ုပ်မရှိလျှင် မိဘများ စိုးရိမ်သောကရောက်ပြီး သေဆုံးကုန်လိမ့်မည်ဟု တွေးမိပြီး အစာမစားနိုင်ဖြစ်နေပါသည်"ဟု ဖြေကြားလိုက်သည်။ ထို့ကြောင့် ဘုရင်ကြီးသည် မိဘကို လုပ်ကျွေးနေသော ဆင်ဖြူတော်လေးကို လေးစားသွားပြီး တောထဲသို့ ပြန်လွှတ်လိုက်လေသည်။

## ပြုစုလုပ်ကျွေးရေးနှင့် အသက်မွေးမှုမင်္ဂလာ

မြင်းမိုရ်ရွှေတောင် မိဘကျေးကို၊
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။
ကျေးသစ်ချကာ သားနှင့်မယားကို၊
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။
အလုပ်တာဝန် မလစ်ဟင်းနဲ့၊
အပြစ်ကင်းအောင် လုပ်ပါလေ။
စည်းစိမ်ကိုပေး၊ ပြုစုရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။ ။

## သားသမီးကျင့်ဝတ်

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊
မွေခံထိုက်စေ၊ လှူမျှဝေ၍၊
စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊
ကျင့်ဖွယ်သားတို့တာ။ ။

www.dhammaransi.com



# သင်ခန်းစာ (၁၅)

## မကောင်းမှုများ ရှောင်ရှားမယ်



ရှေးအခါက ကျေးရွာများသို့ လှည့်လည်ပြီး ဆေးကုသနေသော ဆေးဆရာတစ်ယောက် ရှိပါသည်။ တစ်နေ့သောအခါ ရွာတစ်ရွာတွင် မျက်မမြင် သူဆင်းရဲမတစ်ယောက်ကို တွေ့ပါသည်။ သူဆင်းရဲမက သူ၏ မျက်စိကို ကုသပေးပါရန် ပြောပြီး မျက်စိပြန်မြင်ပါက ဆေးဆရာထံတွင် အလုပ်အကျွေးပြုမည်ဖြစ်ကြောင်း ကတိပေးခဲ့လေသည်။

ဆေးဆရာသည် သူဆင်းရဲမ၏ ကတိစကားကြောင့် မျက်စိပြန်မြင်အောင် ကုသပေးခဲ့သည်။ သူဆင်းရဲမသည် မျက်စိပြန်မြင်သော်လည်း အမှန်အတိုင်း ပြောပါက အလုပ်အကျွေးပြုရမည်ကို စိုးရိမ်သောကြောင့် "မျက်စိများ မမြင်ရသေးပါ၊ ပို၍ ဆိုးလာပါသည်"ဟု လိမ်ညာပြောဆိုလေသည်။




www.dhammaransi.com





ဆေးဆရာသည် သူဆင်းရဲမ လိမ်ညာနေကြောင်းကို သိသဖြင့် မျက်စိကန်းစေသည့်ဆေးကို ခတ်ပေးခဲ့လေသည်။ ထို့ကြောင့် သူဆင်းရဲမ၏ မျက်စိများ ပူလောင်ပြီး ပေါက်ထွက်ကုန်ပါတော့သည်။ ဆေးဆရာသည်လည်း သူဆင်းရဲမကို မျက်စိကန်းအောင် ပြုလုပ်ခဲ့သည့် အကုသိုလ်ကြောင့် မြတ်စွာဘုရားရှင်လက်ထက်တွင် မျက်စိမမြင်သော ရဟန်းတစ်ပါး ဖြစ်သွားရလေသည်။



**ကာယဒုစရိုက် (၃) ပါး**

(၁) ပါဏာတိပါတ (သူတစ်ပါးကို ညှဉ်းဆဲခြင်း၊ သတ်ဖြတ်ခြင်း)

(၂) အဒိန္နာဒါန (သူတစ်ပါးဥစ္စာကို ခိုးယူခြင်း)

(၃) ကာမေသု မိစ္ဆာစာရ (သူတစ်ပါးသားမယားကို လွန်ကျူးပြစ်မှားခြင်း)။

www.dhammaransi.com

# သင်ခန်းစာ (၁၆)

# ကိုယ်ချင်းစာတရား

### တိရစ္ဆာန်လေးများကို ကြင်နာပါ

တို့တစ်တွေမှာ နာကျင်သလို၊ သူတို့လည်း နာကျင်တတ်တယ် ...
တို့တစ်တွေမှာ ပျော်ရွှင်သလို၊ သူတို့လည်း ပျော်ရွှင်ရမယ် ... ။ ။

တို့တစ်တွေမှာ နာကျင်သလို၊ ငှက်ကလေး နာကျင်တတ်တယ် ...
တို့တစ်တွေမှာ ပျော်ရွှင်သလို၊ ငှက်ကလေး ပျော်ရွှင်ရမယ် ... ။ ။


မှတ်ချက်။ ။ မြွေကလေး၊ ဆင်ကလေး၊ ကြောင်ကလေး၊ ယုန်ကလေး၊ ပါပီလေး စသည်ဖြင့် အစားထိုးပြီး ရွတ်ဆိုနိုင်ပါသည်။



www.dhammaransi.com



# ကိုယ်ချင်းစာနာ ပြုမူပါ



ရှေးအခါက ရွာတစ်ရွာတွင် လယ်သမားတစ်ဦး ရှိပါသည်။ သူသည် သူ၏ မိသားစုကို လယ်အလုပ်ဖြင့် လုပ်ကိုင်ကျွေးမွေးသည်။ တစ်နေ့တွင် သူ၏ဘဝကို ငြီးငွေ့လာပြီး တောထဲသို့ ထွက်လာခဲ့သည်။ ထိုအချိန်မှစ၍ တိရစ္ဆာန်လေးများကို သတ်ဖြတ်စားသောက်နေခဲ့ပါသည်။ ထိုသို့နေထိုင်ရင်း "ငါ အသက်ကြီးတဲ့အခါ သားကောင်တွေ အလွယ်တကူ ဖမ်းနိုင်တော့မှာ မဟုတ်ဘူး၊ ဒါ့ကြောင့် အခုကတည်းက ခြံခတ်ပြီး သားကောင်တွေ စုထားရမယ်"ဟု တွေးမိသည်။ ထို့ကြောင့် လယ်သမားသည် သားကောင်များကို ခြံထဲတွင် စုဆောင်းထားပြီး ပုံမှန်သတ်၍ စားသောက်နေခဲ့သည်။



www.dhammaransi.com





ထိုအကုသိုလ်များကြောင့် ကြာလာသောအခါ သူ၏ ခန္ဓာကိုယ်သည် အက်ကွဲလာသည်။ မျက်စိများလည်း ကန်းသွားခဲ့သည်။ သူသည် ဝေဒနာကို ပြင်းထန်စွာ ခံစားနေရလေသည်။

တစ်နေ့သောအခါ သိဝိမင်းကြီးသည် တောကစားထွက်ရင်း ထိုနေရာသို့ ရောက်လာခဲ့သည်။ ထိုလယ်သမားကို မြင်သောအခါ "ဘာ့ကြောင့် ခုလိုမျိုး ဝေဒနာတွေ ခံစားနေရသလဲ"ဟု မေးမြန်းသည်။ ထိုအခါ လယ်သမားက သူသည် ကိုယ်ချင်းစာတရား ကင်းမဲ့စွာဖြင့် တိရစ္ဆာန်လေးများကို သတ်ဖြတ်စားသောက်ခဲ့သောကြောင့် ဤကဲ့သို့ ပြင်းထန်သော ဝေဒနာများ ခံစားနေရခြင်းဖြစ်ကြောင်း ပြောပြလေသည်။ သိဝိမင်းကြီးသည် လယ်သမား၏ စကားကို ကြားရသောအခါ သူ့ကိုယ်သူ ဆင်ခြင်မိသွားသည်။ ထိုအချိန်မှစ၍ မင်းကြီးသည် ကိုယ်ချင်းစာနာစိတ်ဖြင့် တိရစ္ဆာန်လေးများကို ဘေးမဲ့ပေးလိုက်လေတော့သည်။



www.dhammaransi.com



# သင်ခန်းစာ (၁၇)
# ကိုရင်လေး သုမန



မြတ်စွာဘုရား လက်ထက်တော်အခါက ခုနစ်နှစ်အရွယ် ကိုရင်လေးတစ်ပါး ရှိခဲ့သည်။ သူ၏ဘွဲ့မှာ ရှင်သုမနဖြစ်သည်။ သူသည် ဆရာနှင့်အတူ ခရီးထွက်လာရာ တောကျောင်းတစ်ကျောင်းတွင် ညအိပ်ခဲ့ကြသည်။ ညအချိန်တွင် ဆရာသည် တရားအားထုတ်ရင်း လေနာရောဂါဖြစ်လာသည်။ ကိုရင်လေးသည် လေနာရောဂါ ပျောက်ကင်းနိုင်သော ဆေး ရှိ၊ မရှိ ဆရာအား မေးမြန်းလေသည်။ ဆရာက ဒေါသအလွန်ကြီးသော နဂါးမင်းကြီးစောင့်သည့် ရေအိုင်မှ ရေကို ရပါက ပျောက်ကင်းနိုင်ကြောင်း ပြောလေသည်။

ထို့ကြောင့် ကိုရင်လေးသည် နဂါးမင်းကြီး၏ ရေအိုင်သို့ ကြွသွားပါသည်။ နဂါးမင်းကြီးက သူ၏ ပါးပျဉ်းကြီးဖြင့် ရေအိုင်တစ်ခုလုံးကို ဖုံးထားသည်။ ကိုရင်လေးက ဆရာကို ဆေးကုဖို့ ရေတစ်အိုးစာလောက် ယူခွင့်ပြုပါရန် နဂါးမင်းကြီးကို ခွင့်တောင်းသည်။ နဂါးမင်းကြီးက "ကိုရင် ... သင့်မှာ အစွမ်းအစရှိရင် ရအောင်ယူပါ"ဟု ဆိုလေသည်။ ထိုအခါ ကိုရင်လေးသည် သူ၏ ခန္ဓာကိုယ်ကို တန်ခိုးဖြင့် ကြီးမားအောင် ဖန်ဆင်းပြီး နဂါးမင်းကြီး၏ ပါးပျဉ်းပေါ်ကို တက်နင်းလိုက်လေသည်။ နဂါးမင်းကြီးသည် ခေါင်းငိုက်စိုက်ကျသွားပြီး ပါးပျဉ်းအောက်မှ ရေများ ပန်းထွက်လာရာ ကိုရင်လေးက အိုးဖြင့် ခံယူလိုက်သည်။



www.dhammaransi.com



ကိုရင်လေး သယ်ဆောင်လာခဲ့သော ရေကို သောက်သုံးပြီး ဆရာ၏ လေနာရောဂါ သက်သာပျောက်ကင်းသွားခဲ့သည်။ ထိုအခါ ဆရာတပည့်နှစ်ပါးတို့သည် မြတ်စွာဘုရား ကျောင်းတော်သို့ ဆက်လက်ထွက်ခွာခဲ့ကြလေသည်။



www.dhammaransi.com





## ရဟန်းသာမဏေ တို့ရှိသေ

ဘုရားသားတော် ရဟန်းသံဃာ၊
ရှိသေလေးစားမှာ။
လက်အုပ်ချီကာ ဦးနှိမ်ချ၊
အမြဲရှိခိုးကြ။
ငယ်စဉ်ကတည်းက ကျင့်ကြံပေ၊
ထူးတဲ့ ရှင်သာမဏေ။
တို့တစ်တွေ ရှိခိုးလို့၊
ကုသိုလ်ယူကြစို့။ ။



www.dhammaransi.com

# သင်ခန်းစာ (၁၈)

# မယ်ကာဥ္စီ



## ဂုဏ်တော်ကိုးပါး ဘုရားရှိခိုး

၁။ ကိလေသာကင်းစင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၂။ တရားသိမြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၃။ သိကျင့်စုံလင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၄။ ကောင်းသောစကားဆင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၅။ လောကသိမြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၆။ ယဉ်ကျေးအောင်ပဲ့ပြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၇။ ဆရာသခင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၈။ သစ္စာသိမြင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

၉။ တန်ခိုးစုံလင် ဘုရားရှင်ကို ကြည်လင်မြတ်နိုး ရှိခိုးပါ၏ဘုရား။

www.dhammaransi.com



# မယ်ကာဠီ




ရှေးအခါက မယ်ကာဠီဟူသော အမျိုးသမီးလေးတစ်ဦး ရှိပါသည်။ သူသည် မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးနေသူ ဖြစ်၏။ မယ်ကာဠီသည် တစ်နေ့လုပ်မှ တစ်နေ့စားရသူဖြစ်သောကြောင့် နေ့စဉ် အလုပ်မအားနိုင်ရှာပေ။

တစ်နေ့တွင် မြတ်စွာဘုရားရှင်သည် မယ်ကာဠီတို့နေထိုင်ရာ ဗာရာဏသီမြို့သို့ ကြွလာတော်မူသည်။ တိုင်းသူပြည်သားများသည် မြတ်စွာဘုရား၏ တရားပွဲများသို့ သွားရောက်ပြီး တရားနာယူကြသည်။ မယ်ကာဠီသည်လည်း မြတ်စွာဘုရားရှင်ကို သွားရောက်ဖူးမြော်လိုသော ဆန္ဒရှိပါသည်။ သို့သော် အလုပ်မအားသဖြင့် သွားရောက်ဖူးမြော်နိုင်ခြင်း မရှိခဲ့ပါ။

တစ်နေ့သောအခါ မယ်ကာဠီသည် အလုပ်လုပ်နေရာမှ မောပန်းသဖြင့် သစ်ပင်ရိပ်တွင် ခဏနားနေသည်။ ထိုစဉ် ဘုရားရှင်ထံမှ တရားနာယူပြီး ပြန်လာသူနှစ်ယောက်သည်လည်း ထိုသစ်ပင်ရိပ်မှာပင် နားနေကြ၏။ သူတို့သည် ဘုရားရှင်၏ ဂုဏ်တော်များကို ကြည်နူးစွာ ပြန်လည်ပြောဆိုနေကြသည်။ မယ်ကာဠီသည် ထိုသူနှစ်ဦး ပြောကြားနေသော စကားများကို ကြားပြီး မြတ်စွာဘုရားရှင်ကို ပို၍ ကြည်ညိုလေးစားသွားခဲ့သည်။



www.dhammaransi.com



အိမ်ရောက်သောအခါ သူကြားခဲ့ရသော ဘုရားရှင်၏ဂုဏ်တော်များကို မိဘများအား ပြန်လည်ပြောပြလျက် ကြည်နူးဝမ်းသာနေခဲ့သည်။ နောက်ရက်တွင် အလုပ်ရှင်သူဌေးကြီးသည် အလှူအထိမ်းအမှတ်အဖြစ် အလုပ်သမားများအား တစ်ရက်တာ အားလပ်ခွင့်ပေးလိုက်သည်။ မယ်ကာဠီသည် အလွန်ပျော်ရွှင်သွားပြီး ဘုရားရှင်ကို သွားရောက်ဖူးမြော်ကာ တရားနာယူခဲ့လေသည်။ ထိုအခါ ဘုရားရှင်က မယ်ကာဠီကို တစ်ဆင့်စကားဖြင့် ဘုရားရှင်ကို ကြည်ညိုသူများထဲတွင် အမြတ်ဆုံးဖြစ်သူအဖြစ် ဧတဒဂ်ဘွဲ့ကို ချီးမြှင့်တော်မူလိုက်လေသည်။



www.dhammaransi.com


# သင်ခန်းစာ (၁၉)
# သူ့ကျေးဇူးကို သိတတ်ပါ

## ခင်ပွန်းကြီးဆယ်ပါး

၁။ မြတ်စွာဘုရား

၂။ ပစ္စေကဗုဒ္ဓါ (ဘုရားငယ်)

၃။ ရဟန္တာ

၄။ မြတ်စွာဘုရား၏ တပည့်ကြီးများ

၅။ အမိ

၆။ အဖ

၇။ အလေးအမြတ်ပြုအပ်သောသူ

၈။ သွန်သင်ဆုံးမသောဆရာ

၉။ ပေးကမ်းဖူးသောသူ


၁၀။ တရားဟောပြသူ


## ခင်ပွန်းကြီးဆယ်ပါး

ဘုရားမြတ်စွာ၊ ပစ္စေကာ၊
ရဟန္တာများရယ်။
အဂ္ဂသာဝကာ၊ ဆရာမိဘာ၊
လေးစားရသူရယ်။
ဒကာ ဒကာမ၊ ဓမ္မကထိကာ၊
ကြီးလှ ဂုဏ်သွယ်သွယ်။
ခင်ပွန်းကြီးဆယ်ပါး၊
မြဲမှတ်သား၊
မပြစ်မှားရဘူးကွယ်။ ။

www.dhammaransi.com


# မိဘကို ပြုစုသော လင်းတလေး





ရှေးလွန်လေပြီးသောအခါက တောအုပ်ကြီးတစ်ခုတွင် လင်းတမိသားစုတစ်စု ရှိလေသည်။ သားလင်းတလေးသည် အသက်အရွယ် အိုမင်းပြီး အစာရှာမစားနိုင်သော မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးနေသည်။ လင်းတလေးသည် နေ့စဉ်နေ့တိုင်း အစားအသောက်ကောင်းများကို ပင်ပင်ပန်းပန်း ရှာဖွေ၍ သူမစားဘဲ မိဘများကိုသာ ကျွေးမွေးလေ့ရှိသည်။

တစ်နေ့သောအခါ လင်းတလေးသည် မုဆိုးတစ်ယောက်ထောင်ထားသော ကျော့ကွင်း၌ မိလေသည်။ ထိုအခါ လင်းတလေးသည် မိမိ အသက်သေမည်ကို ဂရုမစိုက်နိုင်ဘဲ ကျန်ရစ်ခဲ့သော မိအိုဖအိုတို့အတွက် စိုးရိမ်ပြီး ငိုကြွေးနေခဲ့သည်။ ထိုအချိန်တွင် မုဆိုးသည် လင်းတလေးကို သတ်ရန် ရောက်လာခဲ့သည်။ အနီးသို့ရောက်လာသော မုဆိုးသည် "ငါ့မိဘနှစ်ပါးဟာ ငါမရှိရင် အစာရှာကျွေးမယ့်သူ မရှိလို့ ငတ်မွတ်ပြီး သေရတော့မယ်"ဟု ပြောဆိုမြည်တမ်းလျက် ငိုကြွေးနေသည့် လင်းတလေး၏အသံကို ကြားလိုက်ရသည်။ ကျော့ကွင်းမိနေသော်လည်း မိမိအတွက် မစိုးရိမ် မငိုကြွေးဘဲ မိဘများအတွက်သာ စိုးရိမ်ငိုကြွေးနေသော လင်းတလေးကို မုဆိုးက လေးစားသွားလေသည်။ ထို့ကြောင့် လင်းတလေးကို ကျော့ကွင်းမှ ဖြုတ်၍ ပြန်လွှတ်ပေးလိုက်လေသည်။






www.dhammaransi.com




# သင်ခန်းစာ (၂၀)
## ရွှေသမင်မောင်နှမ



ရှေးအခါက တောအုပ်ကြီးတစ်ခုတွင် ရွှေသမင်တစ်ကောင် ရှိလေသည်။ ရွှေသမင်သည် သမင်ခေါင်းဆောင်ဖြစ်ပြီး ညီငယ်၊ နှမငယ်တို့နှင့်အတူ မျက်မမြင်မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးနေပါသည်။

တစ်နေ့တွင် ရွှေသမင်သည် သမင်များနှင့်အတူ ရေသောက်ဆင်းရင်း ကျော့ကွင်းမိသွားခဲ့သည်။ သို့သော် အခြားသမင်များ ထိတ်လန့်သွားကြမည်ကို စိုးရိမ်သဖြင့် အော်ဟစ်ခြင်းမပြုဘဲ ငြိမ်နေလိုက်သည်။ သမင်အားလုံး ရေသောက်ပြီးသောအခါမှသာ ကျော့ကွင်းမှလွတ်အောင် ရုန်းပါတော့သည်။ ကျော့ကွင်းက ခိုင်လွန်းသည့်အတွက် အသားအရေများ စုတ်ပြတ်ပြီး အရိုးထိသွားသဖြင့် အော်ဟစ်မိလေသည်။ ထိုအခါ သမင်များသည် ကြောက်လန့်ပြီး ထွက်ပြေးသွားကြလေသည်။

ညီဖြစ်သူသမင်သည် ကျော့ကွင်းမိနေသော ရွှေသမင်ထံသို့ ပြန်လာပြီး "အစ်ကိုနှင့်အတူ အသက်အသေခံမည်"ဟု ဆိုလေသည်။ ထိုစဉ် နှမဖြစ်သူ သမင်မလည်း အစ်ကိုများကို မတွေ့ရသဖြင့် လိုက်ရှာရာ ကျော့ကွင်းမိနေသော အစ်ကိုရွှေသမင်ကို တွေ့မြင်သွားခဲ့သည်။ နှမဖြစ်သူလည်း ရွှေသမင်အနားတွင်ပင် နေလေသည်။ ရွှေသမင်က "မျက်မမြင် မိဘနှစ်ပါးသည် ပြုစုလုပ်ကျွေးသူမရှိလျှင် သေဆုံးကုန်ပါလိမ့်မည်၊ ပြန်ကြပါ"ဟု ပြောသည်။ သို့သော် သူတို့သည် အစ်ကိုဖြစ်သူ ရွှေသမင်၏အနီးမှ ထွက်ခွာမသွားခဲ့ကြပါ။



www.dhammaransi.com



မုဆိုးရောက်လာသောအခါ အံ့ညြဖွယ်မြင်ကွင်းကို တွေ့မြင်သွားခဲ့သည်။ ညီနှင့်နှမဖြစ်သူ သမင်တို့အား "သင်တို့သည် ကျော့ကွင်းမမိပါဘဲလျက် အဘယ့်ကြောင့် ထွက်မပြေးဘဲ နေကြသနည်း"ဟု မေးလေသည်။ ထိုအခါ ညီငယ်သမင်က "မုဆိုးကြီး ... ကျွန်ုပ်တို့သည် တစ်မိတည်းက မွေးသော မောင်နှမများဖြစ်သည့်အတွက် အစ်ကိုတစ်ဦးတည်း မထားခဲ့နိုင်ပါ၊ အကျွန်ုပ်၏ အစ်ကိုသည် သမင်များကို အုပ်ချုပ်နေသူ၊ သီလရှိသူ ဖြစ်ပါ၏၊ ထို့အပြင် မျက်မမြင်မိဘနှစ်ပါးကိုလည်း လုပ်ကျွေးနေသူ ဖြစ်ပါသည်"ဟု ပြန်ပြောလေသည်။

မုဆိုးကြီးသည် ရွှေသမင်မောင်နှမ၏ တစ်ဦးအပေါ်တစ်ဦး ချစ်ခင်ကြင်နာမှုကို နှစ်သက်သဘောကျပြီး ကျော့ကွင်းမှ လွှတ်ပေးလိုက်လေသည်။ ရွှေသမင်မောင်နှမသည် မျက်မမြင်မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးရင်း အသက်ထက်ဆုံး ပျော်ရွှင်စွာ နေထိုင်သွားခဲ့ကြလေသည်။



www.dhammaransi.com



# သင်ခန်းစာ (၂၁)

## ဆရာ့မေတ္တာ





### နှမ်းခိုးစားသော မင်းသားငယ်

ရှေးအခါက ဘုရင့်သားတော်တစ်ပါးသည် တက္ကသိုလ်ပြည် ဆရာကြီးတစ်ဦးထံတွင် ပညာသင်ကြားနေပါသည်။ တစ်နေ့သောအခါ မင်းသားလေးသည် ရေချိုးသွားရင်း လမ်းတွင် အဘွားအိုတစ်ယောက် နေလှန်းထားသောနှမ်းများကို တွေ့သည်။ ထိုအခါ မင်းသားလေးသည် စားချင်စိတ်ပေါ်လာ၍ နှမ်းလက်တစ်ဆုပ်စာ ယူစားလိုက်လေသည်။ ထိုကဲ့သို့ နေ့စဉ် ယူစားနေသဖြင့် သုံးရက်မြောက်နေ့တွင် အဘွားအိုသည် ဆရာကြီးအား တိုင်ကြားလေသည်။ ထိုအခါ ဆရာကြီးသည် မင်းသားလေးကို ခေါ်ပြီး ဒဏ်ပေးဆုံးမသည်။ မင်းသားလေးသည် သူ့လို ဘုရင့်သားတော်တစ်ပါးကို ဒဏ်ပေးသည့်အတွက် ဆရာကြီးအား ရန်ငြိုးထားခဲ့သည်။

မင်းသားလေးသည် ပညာသင်ပြီးသောအခါ မိမိတိုင်းပြည်သို့ ပြန်သွားခဲ့သည်။ အချိန်တန်သောအခါ မင်းသားလေးသည် ဘုရင်တစ်ပါး ဖြစ်လာခဲ့သည်။ ဘုရင်ဖြစ်လာသော မင်းသားလေးသည် သူ့အား ဒဏ်ပေးခဲ့သော ဆရာကြီးကို သတ်ရန် ခေါ်ခိုင်းလိုက်သည်။ ဆရာကြီးရောက်လာသောအခါ "နှမ်းတစ်ဆုပ်စားမိတာနဲ့ ကျွန်ုပ်လို မင်းသားကို ဒဏ်ပေးရဲတယ်၊ အခု သင့်ကို သတ်ဖို့ ခေါ်လိုက်တာဖြစ်တယ်"ဟု ပြောလေသည်။

ထိုအခါ ဆရာကြီးက "ဆုံးမတဲ့သူကို ရန်သူလို့ မသတ်မှတ်သင့်ဘူး၊ တိုင်းပြည်အုပ်ချုပ်မယ့်သူဟာ ခိုးတဲ့အကျင့် မရှိရဘူး၊ ခိုးတတ်တဲ့သူကို တိုင်းသူပြည်သားတွေက ဆန့်ကျင်ကြလိမ့်မယ်၊ အဲဒီလိုသာ ငါက ဒဏ်ပေး မဆုံးမခဲ့ရင် သင်ဟာ အခုလို ဘုရင်တောင် ဖြစ်လာမှာမဟုတ်ဘူး"ဟု ပြန်ပြောလိုက်၏။ ထိုအခါ ဘုရင်သည် အသိတရားရသွားပြီး ဆရာကြီးအား ပြန်လည်တောင်းပန်ခဲ့သည်။ ထိုနေ့မှစ၍ ဘုရင်သည် ဆရာကြီးကို ဖခင်အရာထားပြီး ပြုစုစောင့်ရှောက်သွားခဲ့လေသည်။

www.dhammaransi.com




### ဆရာကျင့်ဝတ်

အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊
သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊
သင့်ရာအပ်ပို့၊ ဆရာတို့၊
ကျင့်ဖို့ ဝတ်ငါးဖြာ။ ။

### တပည့်ကျင့်ဝတ်


ညီညာထကြွ၊
ဆုံးမနာယူ၊ လာမှုကြိုဆီး၊
ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊
တပည့်ဝတ်၊ မချွတ်ငါးခုသာ။ ။

www.dhammaransi.com


# သင်ခန်းစာ (၂၂)
# မိတ်ဆွေကောင်း



ရှေးလွန်လေပြီးသောအခါ သာယာလှပ၍ သစ်သီးဝလံ ပေါများသော တောအုပ်ကြီးတစ်ခု၌ ကြက်တူရွေးအုပ်စုတစ်စုသည် ချစ်ခင်ပျော်ရွှင်စွာ နေထိုင်ကြလေသည်။ ထိုကြက်တူရွေးအုပ်စုတွင် နှုတ်သီးမည်းသော မောင်မဲနှင့် နှုတ်သီးနီသော မောင်နီတို့သည် တစ်ကောင်နှင့်တစ်ကောင် အလွန်ချစ်ခင်ကြသည်။ တစ်နေ့သ၌ ကြက်တူရွေးလေးမောင်မဲတွင် ကူးစက်တတ်သော ရောဂါတစ်ခု စွဲကပ်ခဲ့သည်။ ထိုအခါ အခြားကြက်တူရွေးများသည် ရောဂါကူးမည်ကို ကြောက်သောကြောင့် အဝေးသို့ ပြောင်းရွှေ့သွားကြသည်။



သို့သော်လည်း ကြက်တူရွေးလေးမောင်နီသည် သူငယ်ချင်းကောင်း ပီသစွာ ကြက်တူရွေးလေးမောင်မဲအား ကူညီစောင့်ရှောက်လျက် အတူနေထိုင်ခဲ့ပါသည်။ မောင်နီလေးသည် သူ့ကို ရောဂါမကူးစက်နိုင်ရန် မောင်မဲလေးအား စနစ်တကျ ပြုစုစောင့်ရှောက်ပေးခဲ့သည်။ အားပေးစကားများ ပြောဆိုပြီး ကူညီပေးခဲ့သည်။ မကြာမီမှာပင် ကြက်တူရွေးလေးမောင်မဲ၏ ရောဂါဝေဒနာ ပျောက်ကင်းသွားခဲ့သည်။ သူတို့သည် ချစ်ခင်ပျော်ရွှင်စွာ နေထိုင်သွားကြလေသည်။



**မိတ်ဆွေကျင့်ဝတ်ငါးပါး**

ပေးကမ်းချီးမြှင့်၊
ကိုယ်နှင့်ယှဉ်ထား၊
စီးပွားဆောင်ရွက်၊
နူတ်မြွက်ချိုသာ၊
သစ္စာမှန်စေ၊
ဝတ်ငါးထွေ၊
ကျင့်လေ မိတ်သဟာ။ ။


**သူငယ်ချင်းကောင်း**

အစာစားလည်း အတူတူ၊
ကစားလည်း အတူတူ။
လဲကျသူကို ထူလို့ပေး၊
သူငယ်ချင်းကောင်းလေး။
နွေးနွေးထွေးထွေး ချစ်ချစ်ခင်၊
ကူညီကြပါလျှင်။
ဘေးရန်ကင်းစင် ထာဝရ၊
တို့များ ပျော်ရွှင်ကြ။ ။

www.dhammaransi.com



# သင်ခန်းစာ (၂၃)
# ပန်းလှူရကျိုး



## ပဒုမ္မာနတ်သမီး

ရှေးအခါက တိုင်းပြည်တစ်ပြည်တွင် ဘုရင်ကြီးတစ်ပါး ရှိလေသည်။ သူသည် နတ်မင်းကြီး တိုင်းခန်းလှည့်လည်သည့်ပမာ အခြွေအရံများစွာဖြင့် ကြီးကျယ်ခမ်းနားစွာ တိုင်းခန်းလှည့်လည်လေ့ ရှိသည်။ ဘုရင်ကြီး တိုင်းခန်းလှည့်လည်ပုံကို မြင်တွေ့နေရသော အမျိုးသမီးငယ်တစ်ဦးသည် "ဘယ်လို ကောင်းမှုကုသိုလ်တွေ ပြုလုပ်ခဲ့လို့ အခုလို အကျိုးပေးနေပါလိမ့်"ဟု စဉ်းစားလျက် ကုသိုလ်ပြုလိုစိတ်များ ဖြစ်ပေါ်လာခဲ့သည်။

နောက်တစ်နေ့တွင် အမျိုးသမီးငယ်သည် "မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်ရှိရင် လှူမယ်"ဟု ရည်ရွယ်၍ ပဒုမ္မာကြာပန်းများကို ပန်းမွေ့ရာ ခင်းထားသည်။ လှူဖွယ်အဖြစ် နို့ဆန်ပြုတ်ကိုလည်း ပြင်ဆင်ထားသည်။ အမျိုးသမီးငယ်သည် ဆွမ်းခံကြွလာသော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးအား "ပန်းမွေ့ရာပေါ်မှာ သီတင်းသုံးတော်မူပါဘုရား"ဟု ပင့်လျှောက်ပြီး နို့ဆန်ပြုတ်ကို ရိုသေစွာ ဆက်ကပ်လှူဒါန်းလိုက်သည်။ ထို့အပြင် အမျိုးသမီးငယ်သည် မထေရ်မြတ် ဘုဉ်းပေးပြီးသော သပိတ်ကို ဆေးပြီး စားသောက်ဖွယ်ရာများနှင့် ပန်းများကိုလည်း ထပ်မံလှူဒါန်းလိုက်လေသည်။

www.dhammaransi.com





ထိုကုသိုလ်ကောင်းမှုကြောင့် အမျိုးသမီးငယ်သည် နောက်ဘဝ၌ တာဝတိံသာနတ်ပြည်တွင် နတ်သမီးလေးတစ်ပါး ဖြစ်သွားခဲ့သည်။ နတ်သမီးလေးသည် ရွှေဗိမာန်ကြီးတွင် နတ်သမီးအခြွေအရံများစွာဖြင့် နေထိုင်ရ၏။ ပဒုမ္မာကြာပွင့်ချပ်နှင့်တူသော ရတနာများဖြင့် အလှဆင်ထားသည့် ယာဉ်ပျံတစ်စီးကိုလည်း ပိုင်ဆိုင်သည်။ နတ်သမီးလေးသည် ထိုယာဉ်ပျံကို စီးပြီး ဥယျာဉ်ထဲသို့ သွားသောအခါ အခြားနတ်သမီးများထက် ပို၍ ချောမောလှပနေသဖြင့် နတ်အများက ငေးမောကြည့်ကြရသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးအား ပဒုမ္မာကြာပန်းများ လှူဒါန်းခဲ့သော ကောင်းမှုကြောင့် ထိုအကျိုးများ ရရှိခြင်း ဖြစ်ပါသည်။



www.dhammaransi.com





## မြတ်ဘုရားကို ပန်းလှူမယ်

မြတ်ဘုရားထံကို အတူတူကွယ်၊
တို့များ သွားကြမယ်၊
မောင်လေးလည်း လိုက်မယ်၊
ညီမလေးလည်း လိုက်မယ်၊
ကိုကိုမမ အားလုံးသွားကြမယ်။
မြတ်လေး စံပယ် ဇီဇဝါရယ်၊
ဖွန်ပန်းလည်း ကပ်မယ်၊
ရနံ့လေးလည်း မွှေးတယ်၊
အရောင်လေးလည်း လှတယ်၊
ရောင်စုံနှင်းဆီလည်း ကပ်ဦးမယ်။ ။

www.dhammaransi.com

# သင်ခန်းစာ (၂၄)

## မျှဝေသုံးစွဲခြင်း



### ကပ်စေးနဲသော သူဌေးကြီး

ရှေးအခါက အလွန်ကပ်စေးနဲသော သူဌေးကြီးတစ်ဦး ရှိသည်။ သူသည် ပိုင်ဆိုင်သမျှ ရွှေငွေအားလုံးကို ဘဏ္ဍာတိုက်ထဲတွင် သိမ်းဆည်းထားလေသည်။ တစ်နေ့တွင် သူဌေးကြီးသည် မြို့ထဲသို့ သွားခဲ့၏။ သူသည် စားသောက်ပွဲတစ်ခုမှ မုန့်တစ်မျိုးကို မြင်ခဲ့ပြီး စားချင်စိတ် ဖြစ်ပေါ်ခဲ့သည်။ သို့သော် သူဌေးကြီးသည် နှမြောသည့်အတွက် ထိုမုန့်ကို ကိုယ်တိုင်လည်း ဝယ်မစား၊ ဇနီးသည်ကိုလည်း ဖွင့်မပြောဘဲ စိတ်ဆင်းရဲနေခဲ့သည်။

သို့သော်လည်း ဇနီးသည်က အကြောင်းစုံကို သိရှိသွားသောအခါ "ဒီမုန့်လေးကို စားချင်တာများ စိတ်ညစ်မနေပါနဲ့၊ တစ်ရွာလုံး စားလောက်အောင် ကျွန်မ ကြော်ကျွေးပါ့မယ်"ဟု ပြောလိုက်ပါသည်။ သူဌေးကြီးက "ရှင်မရယ်၊ အဲဒီရွာသားတွေက တို့ကျွေးတဲ့မုန့်ကို စားပြီး သူတို့အလုပ် သူတို့လုပ်ကြမှာ၊ သူတို့ကို ကျွေးလို့ ဘာအကျိုးမှ မရှိပါဘူး"ဟု ပြန်ပြောလေသည်။

ထိုအခါ ဇနီးသည်သည် "လမ်းထဲက လူတွေ စားလောက်အောင် ကြော်လိုက်မယ်"၊ "တစ်အိမ်သားလုံး စားလို့ရအောင် ကြော်လိုက်မယ်"၊ "သားသမီးတွေ စားလောက်အောင် ကြော်လိုက်မယ်"၊ "ရှင်နဲ့ကျွန်မ စားဖို့ပဲ ကြော်လိုက်မယ်"ဟု တစ်ဆင့်ပြီးတစ်ဆင့် လျှော့ပြီး ပြောသော်လည်း ကပ်စေးနဲသော သူဌေးကြီးက လက်မခံခဲ့ပေ။ နောက်ဆုံးတွင် သူဌေးကြီးတစ်ယောက်စာမျှသာ မုန့်ကို ကြော်ကျွေးမည်ဆိုမှ လက်ခံလိုက်သည်။

www.dhammaransi.com







မုန့်ကြော်သောအခါ အခြားသူများကို ကျွေးရမည်စိုးသောကြောင့် သူဌေးကြီးလင်မယားသည် ခုနစ်ထပ်မြောက်တိုက်ခန်းသို့ တက်၍ ကြော်ကြသည်။ ထိုအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် ကောင်းကင်ခရီးဖြင့် ကြွလာပြီး တိုက်ခန်းပြတင်းပေါက်၌ တည်နေတော်မူ၏။ သူဌေးကြီးသည် လှူဒါန်းလိုစိတ်မရှိပေ။ ထိုအခါ မထေရ်မြတ်သည် တန်ခိုးအမျိုးမျိုး ပြတော်မူသည်။ နောက်ဆုံးတွင် သူဌေးကြီးသည် "ငါ တစ်ခုခုမလှူရင် ဒီရဟန်းဟာ ပြန်ကြွမှာ မဟုတ်ဘူး"ဟု တွေးပြီး "ရှင်မ ဒီရဟန်းကို အသေးဆုံးမုန့်တစ်ခု လှူလိုက်ပါ"ဟု ပြောလိုက်သည်။

ဇနီးသည်သည် လှူရန် အသေးဆုံးမုန့်ကို ယူလိုက်သောအခါ ထိုအသေးဆုံးမုန့်က အကြီးဆုံး ဖြစ်သွားသည်။ ဇနီးသည်၏လက်တွင် အကြီးဆုံးမုန့်ကို မြင်သောအခါ "ရှင်မ၊ ဘာဖြစ်လို့ မုန့်အကြီးကြီးကို လှူမှာလဲ"ဟု သူဌေးကြီးက မေးလိုက်၏။ ဇနီးသည်က "အစက မုန့်သေးသေးလေးပဲ၊ နောက်မှကြီးသွားတာ"ဟု ပြန်ပြောလိုက်ပါသည်။ ထိုအခါ သူဌေးကြီးကိုယ်တိုင် အသေးဆုံးမုန့်ကို ကြော်လေသည်။ ထိုမုန့်သည်လည်း အကြီးဆုံး ဖြစ်သွား၏။ သူဌေးကြီးလင်မယားသည် အသေးဆုံးမုန့်ဖြစ်အောင် မပြုလုပ်နိုင်ကြပါ။ ထို့ကြောင့် သူတို့သည် မထေရ်မြတ်အား လှူရန် မုန့်တစ်ခုကို ယူလိုက်ရသည်။

သူတို့သည် မုန့်တစ်ခုသာ ယူသော်လည်း မုန့်အားလုံးသည် တစ်ဆက်တည်း ဖြစ်သွားကြ၏။ မုန့်များကို နည်းမျိုးစုံဖြင့် ဆွဲခွာကြသော်လည်း မရခဲ့ပါ။ နောက်ဆုံးတွင် သူဌေးကြီးက လက်လျှော့သွားပြီး "မထူးတော့ပါဘူး ရှင်မရေ၊ ခြင်းတောင်းတစ်ခုလုံးသာ လှူလိုက်ပါတော့"ဟု ပြောဆိုပြီး မုန့်ခြင်းကြီးတစ်ခုလုံးကို လှူလိုက်လေသည်။

www.dhammaransi.com



မထေရ်မြတ်သည် မုန့်ကို အလှူခံပြီးသောအခါ သူဌေးကြီးလင်မယားအား တရားဟောပါသည်။ ထို့နောက် "သင်တို့ လှူတဲ့မုန့်ကို ဘုဉ်းပေးဖို့ ကျောင်းမှာ သံဃာတော်တွေ စောင့်နေကြတယ်"ဟု မိန့်ကြားတော်မူကာ တန်ခိုးဖြင့် သူဌေးကြီးလင်မယားကို ကျောင်းတော်သို့ တစ်ပါတည်း ခေါ်သွားပါသည်။ ကျောင်းတော်သို့ ရောက်သောအခါ မြတ်စွာဘုရား၏ တရားတော်ကို နာကြားရပြီး သူဌေးကြီးလင်မယား တရားထူးတရားမြတ် ရသွားကြသည်။ ထိုအချိန်မှစ၍ သူဌေးကြီးလင်မယားသည် ကပ်စေးနဲခြင်း မရှိတော့ဘဲ သူတို့ပိုင်ဆိုင်သော ပစ္စည်းများကို ဆင်းရဲသားများအား စွန့်ကြဲခြင်း၊ ရဟန်းသံဃာများအား လှူဒါန်းခြင်း စသော ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက် ပျော်ရွှင်စွာ နေထိုင်သွားကြလေသည်။

## မျှဝေသုံးစွဲခြင်း

ကိုယ့်မှာရှိတာ မျှဝေပါ၊
ကိုယ်လည်းချမ်းသာ စိတ်ချမ်းသာ။
ခင်မင်စရာ သူငယ်ချင်း၊
ပေးကမ်းမှုသည် အောင်မြင်ခြင်း။
ပင်ကိုစိတ်ရင်း ဖြူဖြူစင်၊
အရာရာတွင် ကူညီလျှင်။
ပျော်ရွှင်ရမယ် တစ်သက်လုံး၊
ကြည်နူးပီတိ မျက်နှာပြုံး။
ဝမ်းသာလို့ မဆုံး။ ။

www.dhammaransi.com


# သင်ခန်းစာ (၂၅)

## မုန့်ဖိုး



### မုန့်ဖိုးစုတဲ့ လူလိမ္မာလေး

တစ်ခါက ကျော်စွာနှင့် မင်းသူဟူသော သူငယ်ချင်းနှစ်ယောက် ရှိလေသည်။ သူတို့သည် အိမ်နီးချင်းများ ဖြစ်ကြပြီး၊ မိဘချင်းလည်း ရင်းနှီးကြသဖြင့် ညီအစ်ကိုရင်းပမာ အလွန်ချစ်ခင်ကြသည်။ သူငယ်ချင်းနှစ်ယောက်တို့သည် စားအတူ၊ သွားအတူ၊ ကစားအတူ နေထိုင်ကြရင်း မုန့်ဖိုးများကို မစုဆောင်းဘဲ အကုန် သုံးပစ်လေ့ရှိကြသည်။ သူတို့ လိုချင်သော ပစ္စည်းများရှိလျှင် မိဘများအား ဝယ်ပေးရန် ပူဆာတတ်ကြသည်။

တစ်နေ့သ၌ ကျော်စွာ၏ဦးလေးသည် အလုပ်ကိစ္စဖြင့် သူနေသောရွာမှ ကျော်စွာတို့အိမ်သို့ ရောက်လာသည်။ ဦးလေးပြန်သောအခါ ကျော်စွာနှင့် မင်းသူတို့ကို ရွာသို့ အလည်ခေါ်လေသည်။ ဖခင်ဖြစ်သူက ကျော်စွာကို ကောင်းမွန်စွာ နေထိုင်ဖို့၊ စကားကို ယဉ်ယဉ်ကျေးကျေး ပြောဆိုဖို့ မှာကြားပြီး လိုက်ခွင့်ပြုသည်။ ရွာမှ မှတ်သားစရာတစ်ခုခု ယူလာရန်လည်း ပြောကြားလိုက်သည်။ မင်းသူ၏ဖခင်ကလည်း လိုက်ခွင့်ပြုသဖြင့် ကျော်စွာနှင့် မင်းသူတို့သည် ဦးလေးနှင့်အတူ ရွာသို့ လိုက်လာကြသည်။

ဦးလေးတို့အိမ်သို့ ရောက်သောအခါ ဦးလေး၏သား ကိုရဲသည် ကျော်စွာတို့ကို တွေ့ရ၍ အလွန်ပျော်ရွှင်သွားသည်။ ကိုရဲက "လာ လာ ညီလေးတို့ ... အစ်ကိုက မင်းတို့ကို မျှော်နေတာ၊ ခဏနားဦးနော်"ဟု ပြောပြီး ပစ္စည်းများကို သိမ်းဆည်းပေးသည်။ ကျော်စွာသည် ဧည့်ခန်းထဲမှ စာအုပ်စင်ကို မြင်သောအခါ "ကိုရဲ ဒီစာအုပ်တွေကို ဦးလေး ဝယ်ပေးထားတာလား"ဟု မေးလိုက်သည်။ ထိုအခါ ကိုရဲက "ဖေဖေ ဝယ်ပေးထားတာ မဟုတ်ဘူး၊ အစ်ကို့ မုန့်ဖိုးတွေ စုပြီး ဝယ်ထားတာ"ဟု ပြန်ပြောသည်။

ထိုအချိန်တွင် ဦးလေးရောက်လာသည်။ "ဟုတ်တယ်၊ ငါ့တူတို့ရေ ... ကိုရဲက မုန့်ဖိုးရရင် အမြဲစုတယ်၊ အားလုံးမသုံးဘူး၊ ဟိုနားမှာ သူ့စုဘူးလေ"ဟု ပြောပြီး စုဘူးလေးကို ယူပြလေသည်။ စုဘူးထဲတွင် ပိုက်ဆံများ မတွေ့ရပါ။ "ပိုက်ဆံတွေအားလုံးကို သုံးလိုက်တာလား ကိုရဲ"ဟု ကျော်စွာက မေးလိုက်သောအခါ ကိုရဲသည် ပြုံးစိစိလုပ်နေသည်။

www.dhammaransi.com



ထိုအခါ "ကိုရဲက သူစုထားတဲ့ မုန့်ဖိုးတွေနဲ့ သီတင်းကျွတ်တုန်းက ဦးလေးတို့ကို ကန်တော့တယ်လေ၊ ပြီးတော့ သူတို့ကျောင်းမှာ ကထိန်သင်္ကန်းကပ်တော့ ဒီစုထားတဲ့ မုန့်ဖိုးထဲကပဲ အလှူငွေ ထည့်တာ၊ မနက်ဖြန်လုပ်မယ့် ရွာက သက်ကြီးပူဇော်ပွဲအတွက်လည်း အလှူငွေထည့်လိုက်သေးတယ်၊ နောက်ပြီး ရွာက စတုဒိသာ ကျွေးတဲ့ထဲမှာလည်း အလှူပါသေးတယ်"ဟု ဦးလေးက ပြောပြသည်။ ကျော်စွာနှင့် မင်းသူတို့သည် ကိုရဲကို အံ့သြသွားလေသည်။

ဦးလေးက "ကဲ ကဲ ... ရေမိုးချိုးကြတော့၊ ထမင်းစားပြီးရင် ကိုရဲက သားတို့ကို ရွာထဲ လိုက်ပြပေးလိမ့်မယ်၊ လျှောက်လည်လိုက်ကြဦး"ဟု ပြောပြီး အလုပ်သို့ သွားသည်။ ညနေပိုင်းတွင် ကျော်စွာတို့သည် စတုဒိသာကျွေးသောနေရာတွင် ကြက်သားဆန်ပြုတ်များ စားကြပြီးနောက် ဘုရားသို့ သွားကြသည်။ နောက်နေ့နံနက်၌ ဘုန်းကြီးကျောင်းသို့ ဆွမ်းကပ်သွားကြပြီး ညနေတွင် သက်ကြီးပူဇော်ပွဲသို့ သွားကြသည်။

နောက်နေ့တွင် ကျော်စွာတို့နှစ်ယောက်သည် ဦးလေးနှင့်အတူ ရန်ကုန်သို့ ပြန်လာကြသည်။ သူတို့သည် အတွေးကိုယ်စီဖြင့် ကားပေါ်၌ လိုက်ပါလာကြသည်။ မင်းသူသည် "ဒီတစ်ကြိမ် မုန့်ဖိုးရရင် တကယ်စုတော့မယ်၊ ကိုရဲလို အကျိုးရှိရှိ အသုံးပြုရမယ်"ဟု တွေးနေ၏။ ကျော်စွာသည်လည်း "ဖေဖေ ပြောတဲ့ 'ရွာကနေ မှတ်သားစရာ တစ်ခုခု ယူလာရမယ်'ဆိုတဲ့ စကားကို ကောင်းကောင်းသဘောပေါက်ပြီ၊ ကိုရဲအကြောင်းကို ပြောပြရမယ်"ဟု တွေးနေသည်။ သူတို့သည် မုန့်ဖိုးရလျှင် အကုန်သုံးသောအကျင့်ကို ဖျောက်ပြီး မုန့်ဖိုးစုတတ်သောသူ၊ အကျိုးရှိရှိ သုံးတတ်သူဖြစ်အောင် ကြိုးစားကြမည်ဟု ဆုံးဖြတ်ချက် ချခဲ့ကြလေသည်။

www.dhammaransi.com



# သင်ခန်းစာ (၂၆)

## စည်တီးသမားလေး



ရှေးလွန်လေပြီးသောအခါက ရွာတစ်ရွာ၌ စည်တီးသမား သားအဖနှစ်ယောက်ရှိလေသည်။ တစ်နေ့တွင် ဖခင်သည် "သားရေ ... မြို့ပေါ်မှာ ပွဲတော်တစ်ခုကျင်းပနေတယ်လို့ ကြားရတယ်၊ တို့သားအဖနှစ်ယောက် မြို့ကို သွားကြရအောင်၊ ငါတို့အတွက် ဝင်ငွေကောင်းမယ့် အလုပ်တစ်ခုတော့ ပေါ်လာပြီ"ဟု သားကို ပြောပြီး သားအဖနှစ်ယောက် မြို့သို့ ထွက်ခွာခဲ့ကြသည်။

မြို့သို့ ရောက်သောအခါ သားအဖနှစ်ယောက်သည် ပွဲတော်တွင် အကောင်းဆုံးဖြစ်အောင် ကြိုးစား၍ စည်တီးဖျော်ဖြေကြသည်။ လာရောက်နားထောင်သူများက နှစ်သက်ကြသဖြင့် ဆုငွေများ ချီးမြှင့်ကြသည်။ ပွဲပြီးသောအခါ သားအဖနှစ်ယောက်သည် ဆုငွေများကို ယူကာ ရွာသို့ ပျော်ပျော်ရွှင်ရွှင် ပြန်ခဲ့ကြသည်။

သူတို့နေသောရွာနှင့် မြို့အကြားတွင် ခိုးသူများ နေထိုင်သော တောအုပ်တစ်ခုရှိသည်။ တောအုပ်အနီးသို့ ရောက်သောအခါ ဖခင်က "သားရေ ... တောအုပ်ထဲကို ရောက်တဲ့အခါ ဘုရင်တွေ ခရီးသွားရင် တီးတဲ့ စည်တီးသံမျိုး တစ်ချက်ချင်း တီးပါ၊ အဆက်မပြတ် မတီးပါနဲ့"ဟု သားအား သတိပေးထားသည်။



www.dhammaransi.com







ငွေများစွာရလာသောကြောင့် ပျော်ရွှင်နေသော သားသည် ဖခင်၏စကားကို နားမထောင်ဘဲ သီချင်းတစ်ပုဒ်ကို သီဆိုရင်း စည်ကို အဆက်မပြတ်တီးလေသည်။ တောအုပ်ထဲမှ သူခိုးများသည် အစပိုင်းတွင် ဘုရင့်စည်တီးသံ ထင်ပြီး ထွက်ပြေးပုန်းရှောင်နေကြသော်လည်း အဆက်မပြတ် တီးသံကို ကြားရသောအခါ ဘုရင့်စည်သံမဟုတ်မှန်း သိသွားကြသည်။ ထို့ကြောင့် ပုန်းရှောင်နေရာမှ ထွက်လာခဲ့ကြ၏။ ထို့နောက် သားအဖနှစ်ယောက်အား ရိုက်နှက်ပြီး ငွေများကို ယူသွားကြသည်။ နောက်ဆုံးတွင် သားသည် ငွေများ ဆုံးရှုံးသွားသောကြောင့် မပျော်ရွှင်နိုင်တော့ဘဲ "အဖေ့စကားကို နားမထောင်လို့ အခုလို ဖြစ်ရတာပါ၊ နောက်ဆိုရင် အဖေ့စကားကို သား အမြဲနားထောင်ပါ့မယ်"ဟု ပြောပြီး ငိုနေလေတော့သည်။

## ဖေဖေ မေမေ

- ထမင်းဟင်း စားနိုင်ဖို့ စီမံကာရယ် ချက်ပြုတ်ပေးနေတဲ့ တို့မေမေ
  အမေ့စကား နားထောင်လို့ လိမ္မာစွာပင် ကျေးဇူးဆပ်ပါမယ်။
- ထမင်းဟင်း စားနိုင်ဖို့ ငွေရှာကာရယ် ကြိုးစားပေးနေတဲ့ တို့ဖေဖေ
  အဖေ့စကား နားထောင်လို့ လိမ္မာစွာပင် ကျေးဇူးဆပ်ပါမယ်။
- အဝတ်အစား သန့်စင်ဖို့ ဖြူစင်အောင် လျှော်ဖွပ်ပေးနေတဲ့ တို့မေမေ
  အမေ့စကား နားထောင်လို့ လိမ္မာစွာပင် ကျေးဇူးဆပ်ပါမယ်။
- အဝတ်အစား ကောင်းဝယ်ဖို့ ငွေရှာကာရယ် ကြိုးစားပေးနေတဲ့ တို့ဖေဖေ
  အဖေ့စကား နားထောင်လို့ လိမ္မာစွာပင် ကျေးဇူးဆပ်ပါမယ်။ ။

www.dhammaransi.com



# သင်ခန်းစာ (၂၇)
# အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချခြင်း



## မင်းမင်းလေးရဲ့ အားလပ်ချိန်

မြို့တစ်မြို့တွင် မင်းမင်းဟုခေါ်သော ကျောင်းသားလေးတစ်ယောက် ရှိသည်။ သူသည် အားလပ်ချိန်ကို အကျိုးရှိရှိ အသုံးပြုတတ်သူ ဖြစ်၏။ သူသည် တနင်္ဂနွေနေ့တိုင်း ဓမ္မစကူးလ် တက်ပါသည်။ နံနက်ခင်းတိုင်း ဘုရားရှိခိုးသည်။ မိဘများကို အိမ်မှု ကိစ္စများ ကူညီလုပ်ကိုင်ပေးသည်။ နေ့လယ်ပိုင်းတွင် မိသားစုနှင့်အတူ ထမင်းစားပြီး ခဏအနားယူသည်။ အနားယူပြီးသောအခါ မင်းမင်းလေးသည် ခြံထဲတွင် သူ၏အဖေနှင့်အတူ ပန်းပင်ရေလောင်းသည်။

www.dhammaransi.com



သူငယ်ချင်းများနှင့်အတူ ဘောလုံးကစားသည်။ ကစားပြီးသောအခါ မင်းမင်းလေးသည် ရေချိုးပြီး ညနေစာ စားရန်အတွက် မေမေ့အား ကူညီပြင်ဆင်ပေးသည်။ ညနေစာ စားပြီးနောက် ကျောင်းသင်ခန်းစာများကို လေ့လာဖတ်ရှုပြီး မိဘများအား နင်းနှိပ်ပေးသည်။ ထို့နောက် မိဘများနှင့်အတူ တီဗွီကြည့်သည်။ မင်းမင်းလေးသည် အိပ်ရာမဝင်မီ ဘုရားခန်းသို့ ဝင်ကာ ဘုရားရှိခိုးပြီး မေတ္တာပို့ အမျှဝေသည်။ ထို့နောက် မိဘများအား ရှိခိုးကန်တော့ပြီး အိပ်ရာဝင်ပါသည်။

မင်းမင်းလေးသည် အားလပ်ချိန်ကို အကျိုးရှိရှိ အသုံးပြုတတ်သူဖြစ်ရာ ကျောင်းပိတ်ရက်တိုင်း ဗဟုသုတဖြစ်ဖွယ် ပုံပြင်စာအုပ်များ၊ ကာတွန်းစာအုပ်များကို ဖတ်ရှုသည်။ နွေရာသီကျောင်းပိတ်ရက်တွင် ပန်းချီသင်တန်းများလည်း တက်ရောက်သည်။ ယခုကဲ့သို့ အားလပ်ချိန်တိုင်းကို အကျိုးရှိရှိ အသုံးပြုတတ်သော မင်းမင်းလေးကို မိဘများနှင့် ဆရာများသာမက ပတ်ဝန်းကျင်မှ လူများကပါ ချစ်ခင်ကြလေသည်။



www.dhammaransi.com



# သင်ခန်းစာ (၂၈)
# ကြိုးစားမှုသာ အဓိကပါ





## ဘုရင်ကြီးနှင့်ပင့်ကူ

ရှေးအခါက တိုင်းပြည်တစ်ပြည်မှ ဘုရင်ကြီးတစ်ပါးသည် စစ်ရှုံးပြီး တောထဲသို့ ထွက်ပြေးလာခဲ့သည်။ ဘုရင်ကြီးသည် ရန်သူ့လက်မှ လွတ်အောင်ပြေးရင်း ဂူကြီးတစ်ခုထဲသို့ ရောက်သွားခဲ့သည်။ ဘုရင်ကြီးသည် စစ်ရှုံးရသောအကြောင်းများကို စဉ်းစားပြီး အလွန်စိတ်ဓာတ်ကျနေခဲ့သည်။ ထိုအချိန်တွင် ပင့်ကူတစ်ကောင်သည် ဂူအမိုးမှ အောက်သို့ ပြုတ်ကျလာခဲ့သည်။ သို့သော် ပင့်ကူလေးသည် မြေကြီးပေါ်သို့ မရောက်မီ ပင့်ကူမျှင်မှတစ်ဆင့် အပေါ်သို့ ပြန်တက်ခဲ့သည်။ ပင့်ကူလေးသည် အနည်းငယ်သာ တက်နိုင်ပြီး ပြုတ်ကျပြန်ပါသည်။ သို့သော် အားမလျှော့သေးဘဲ နောက်တစ်ဖန် တက်ပြန်သည်။ ဤတစ်ကြိမ်တွင်လည်း ပြုတ်ကျပြန်ပါသည်။

ဤနည်းဖြင့် အကြိမ်ကြိမ် ကြိုးစားနေသော ပင့်ကူလေးသည် နောက်ဆုံးတွင် ဂူအမိုးသို့ ရောက်ရှိသွားသည်။ ဘုရင်ကြီးသည် ပင့်ကူလေးကို ကြည့်ပြီး အားတက်သွားခဲ့သည်။ "ပင့်ကူလေးတောင်မှ အကြိမ်ကြိမ် ကြိုးစားပြီး ဂူအမိုးထိရောက်အောင် လုပ်နိုင်သေးတာ၊ ငါလည်း ကြိုးစားရင် အောင်မြင်ရမှာပေါ့"ဟု ဆုံးဖြတ်ပြီး သူ၏စစ်သားများကို ပြန်လည်ရှာဖွေခဲ့သည်။ လက်နက်အင်အားများကိုလည်း စုဆောင်းခဲ့သည်။ လက်နက်အင်အား၊ လူအင်အား ပြည့်စုံသောအခါ ရန်သူကို အနိုင်ရအောင် တိုက်ခိုက်၍ တိုင်းပြည်ကို ပြန်လည်ရရှိခဲ့လေသည်။

www.dhammaransi.com


# သင်ခန်းစာ (၂၉)

## သန့်ရှင်းရေး

### တံမြက်စည်းလှည်းသော ရဟန်းတော်လေး



ရှေးအခါက အလွန်သာယာသော တောအုပ်ထဲတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ရှိလေသည်။ ကျောင်းဝင်းထဲတွင် စေတီတစ်ဆူနှင့် ဗောဓိညောင်ပင်တစ်ပင်ရှိသည်။ အခြားသစ်ပင်များလည်း အလွန်များသဖြင့် ကျောင်းဝင်းထဲ၌ သစ်ရွက်အမှိုက်များ ပြန့်ကျဲရှုပ်ပွနေတတ်သည်။

ကျောင်းရှိ ရဟန်းတော်များသည် သစ်ရွက်ကြွေများကို ရံဖန်ရံခါသာ တံမြက်စည်းလှည်းကြသည်။ ထို့ကြောင့် ကျောင်းဝင်းထဲ၌ အမှိုက်များကို နေ့စဉ် တွေ့ရှိနေရသည်။ တောအုပ်ထဲတွင် နေထိုင်သော နတ်များသည် တံမြက်စည်းမလှည်းကြသော ကျောင်းနေရဟန်းများကို မချစ်ခင် မကြည်ညိုကြပေ။

တစ်နေ့တွင် ထိုကျောင်းသို့ ရဟန်းငယ်တစ်ပါး ရောက်လာခဲ့သည်။ ရဟန်းငယ်လေးသည် မိုးလင်းသည်နှင့် တစ်ပြိုင်နက် ကျောင်းဝင်းတစ်ခုလုံးကို တံမြက်စည်းလှည်းသည်။ စေတီတော်ရင်ပြင်နှင့် ဗောဓိပင်ဝန်းကျင်ကိုလည်း သန့်ရှင်းရေးလုပ်သည်။



www.dhammaransi.com





ထိုရဟန်းငယ် ရောက်လာပြီးနောက် တောကျောင်းလေးသည် သန့်ရှင်းသပ်ရပ်ပြီး ကြည်နူးစရာ ဖြစ်လာခဲ့သည်။ နတ်များသည်လည်း သန့်ရှင်းနေသော တောကျောင်းကို ကြည့်ပြီး နှစ်သက်ကျေနပ်နေကြသည်။ သူတို့သည် နေ့စဉ် တံမြက်စည်းလှည်းသော ရဟန်းငယ်ကို ချစ်ခင်ကြည်ညိုကာ ပန်းများဖြင့် ပူဇော်ခဲ့ကြသည်။

**တံမြက်စည်းလှည်းရကျိုး**

သူ့စိတ် ကိုယ့်စိတ်၊
ယိုဖိတ်ကြည်လင်။
နတ်တို့ ချစ်လျက်၊
နှစ်သက်ပျော်ရွှင်။
လှကြောင်း ကံနှင့်၊
နတ်ဖြစ်ဂုဏ်ရှင်။
တံမြက်လှည်း၊
ရမြဲကျိုးငါးအင်။ ။

www.dhammaransi.com



## သန့်ရှင်းရေး

အမှိုက်တစ်စ တွေ့ရှိက၊
ချက်ချင်းကောက်လိုက်ကြ။
သန့်ရှင်းကြမှ တို့ဝန်းကျင်၊
လှပရောဂါစင်။
မြင်မြင်သမျှ ကြည်လင်အေး၊
စုပေါင်းသန့်ရှင်းရေး။ ။

www.dhammaransi.com



# သင်ခန်းစာ (၃၀)
# ချစ်ချစ်ခင်ခင် နေကြမယ်



## စိတ်ထားမကောင်းသော တံငါသည်

ရှေးအခါက ငါးဖမ်းပြီး အသက်မွေးသူများ နေထိုင်ကြသော တံငါရွာလေးတစ်ရွာ ရှိသည်။ ထိုရွာလေးတွင် တံငါသည်များသည် ချစ်ချစ်ခင်ခင် နေထိုင်ကြပြီး တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းကြသည်။ ဖမ်းမိလာသော ငါး၊ ပုစွန်များကို အိမ်နီးချင်းများအား ခွဲဝေပေးလေ့ရှိကြသည်။ သို့သော် ထိုရွာတွင် စိတ်ထားမကောင်းသော တံငါသည်တစ်ယောက်လည်း ရှိလေသည်။ သူသည် အိမ်နီးချင်းများအား သူရလာသော ငါး၊ ပုစွန်များကို ခွဲဝေပေးလိုစိတ် မရှိပေ။

တစ်နေ့သောအခါ ထိုတံငါသည်သည် သားငယ်ကို ခေါ်၍ ငါးမျှားထွက်ခဲ့သည်။ အချိန်အတော်ကြာသည်အထိ ငါးတစ်ကောင်မျှ မရသေး၍ စိတ်ညစ်နေသည်။ ထိုအချိန်တွင် သူချထားသော ငါးမျှားချိတ်သည် ရေအောက်မှ တစ်စုံတစ်ခုနှင့် ချိတ်မိသွားသည်။ သားအဖနှစ်ယောက်သည် ငါးကြီးတစ်ကောင် မိပြီဟု ထင်မှတ်လိုက်ကြသည်။ ထို့ကြောင့် "ဒီငါးကြီးကို ငါတို့မိသားစုပဲ စားချင်တယ်၊ အိမ်နီးချင်းတွေကို ခွဲမပေးချင်ဘူး၊ ဒါ့ကြောင့် အိမ်နီးချင်းတွေနဲ့ ရန်ဖြစ်ထားရင် ကောင်းမယ်"ဟု ပြောပြီး သားငယ်ကို မိခင်ထံ ချက်ချင်းလွှတ်လိုက်သည်။ ဇနီးသည် ခင်ပွန်းမှာလိုက်သည့်အတိုင်း အိမ်နီးချင်းများနှင့် ရန်ဖြစ်ထားသည်။



www.dhammaransi.com



တံငါသည်သည် ငါးဖမ်းရန် ရေထဲဆင်းခဲ့ရာ မျက်လုံးကို သစ်ငုတ်ဖြင့် ထိုးမိလေသည်။ ငါးများချိတ်သည် သူတို့ ထင်ထားသကဲ့သို့ ငါးကြီးကို ချိတ်မိနေခြင်းမဟုတ်ဘဲ သစ်ငုတ်၌ ချိတ်မိနေခြင်းသာ ဖြစ်သည်။

တံငါသည် အိမ်ပြန်ရောက်ချိန်တွင် စိတ်ထားမကောင်းသော သူတို့မိသားစုကို အိမ်နီးချင်းများက အခေါ်အပြော မလုပ်ကြတော့ဘဲ ပစ်ပယ်ထားကြသည်။ ထိုအခါ တံငါသည်သည် အိမ်နီးချင်းများအပေါ် မကောင်းသည့်စိတ်ထား မွေးမိသည်ကို နောင်တရမိလေသည်။ နောင်တွင် အိမ်နီးချင်းများနှင့် ချစ်ချစ်ခင်ခင် နေထိုင်သွားမည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။




www.dhammaransi.com



# သင်ခန်းစာ (၃၁)

## စည်းလုံးခြင်းသည် အင်အား




ရှေးအခါက ခွန်အားဗလနှင့်ပြည့်စုံသော ဝက်ကလေးတစ်ကောင် ရှိသည်။ သူ၏အမည်မှာ အားမာန်ဖြစ်သည်။ သူသည် ဘေးကင်းရန် လူတို့နှင့်ဝေးရာ တောအရပ်သို့ ထွက်လာခဲ့သည်။ တောအုပ်အတွင်းရှိ တောင်ကြားတစ်ခုတွင် အစာရေစာပေါသောကြောင့် တောထဲရှိဝက်များ အုပ်စုဖွဲ့နေထိုင်လျက်ရှိသည်။ ဝက်ကလေးအားမာန်သည် ထိုနေရာသို့ ရောက်သွားခဲ့၏။ အားမာန်သည် အခြားဝက်များ၏ ကြောက်လန့်နေသည့် အမူအရာကို မြင်၍ "သင်တို့ ဘာဖြစ်လို့ ကြောက်လန့်နေကြတာလဲ၊ ဘာကို ကြောက်လန့်နေကြတာလဲ"ဟု မေးလိုက်၏။

ထိုအခါ အခြားဝက်များက "ဝက်ကလေး အားမာန်ရယ် ... အလွန်ဆိုးဝါးတဲ့ ကျားတစ်ကောင်ဟာ နေ့တိုင်းရောက်လာပြီး ဝက်တစ်ကောင်စီကို ကိုက်ချီစားသောက်နေပါတယ်၊ ဒါ့ကြောင့် ဝက်တွေအားလုံး ကြောက်လန့်နေကြတာပါ"ဟု ပြန်ပြောလေသည်။

ထိုအခါ ဝက်ကလေးအားမာန်က "အဲဒီကျားကို သင်တို့ ပြန်လည်ခုခံပြီး မတိုက်ခိုက်ကြဘူးလား"ဟု မေးလိုက်၏။ "မဖြစ်နိုင်တာ အားမာန်ရယ်၊ ကျားကို ကျွန်ုပ်တို့ဝက်တွေက ဘယ်လိုလုပ်ပြန်တိုက်လို့ ရပါ့မလဲ"ဟု ပြန်ဖြေကြသည်။ အားမာန်က "ဝက်တွေက အများကြီးပဲ၊ ကျားဆိုးက တစ်ကောင်တည်း၊ အားလုံးစုပေါင်းပြီး တိုက်ခိုက်ရင် ကျားဆိုးကြီးကို အနိုင်ရနိုင်ပါတယ်"ဟု ပြောသည်။ ထို့နောက် ကျားဆိုးကို ပြန်လည်တိုက်ခိုက်ရန် တိုင်ပင်ပြီး ကြိုတင်စီစဉ်ကြလေသည်။

www.dhammaransi.com

ဝက်ကလေးအားမာန်သည် ကျားဆိုးကြီးကို တိုက်ခိုက်ရာ၌ မကြောက်ရန်နှင့် တုန်လှုပ်မှုမရှိစေရန် ဝက်များအား နှိုးဆော်ထားသည်။ ကျားဆိုးကြီးလာသောအခါ ဝက်အားလုံးက ကျားဆိုးကြီးအား စိုက်ကြည့်နေလိုက်ကြသည်။ ကျားဆိုးကြီးသည် ဝက်များကို ကြည့်လျက် "ခါတိုင်းဆိုရင် ဝက်တွေဟာ ငါ့ကို မြင်တာနဲ့ ခြေဦးတည့်ရာ ထွက်ပြေးသွားကြတယ်၊ သူတို့ထွက်ပြေးတာနဲ့ နီးစပ်ရာ ဝက်တစ်ကောင်ကို ကိုက်ချီပြီး စားပစ်လိုက်ရုံပဲ၊ ဒီနေ့တော့ ဝက်တွေက ထူးဆန်းနေလိုက်တာ"ဟု တွေးပြီး ရှေ့သို့ ဆက်မတိုးဘဲ ပြန်သွားခဲ့သည်။

တောထဲသို့ရောက်သောအခါ ကျားဆိုးကြီး၏ စားကြွင်းစားကျန်များကို စားနေကျဖြစ်သော မြေခွေးသည် "ခါတိုင်း ဝက်တစ်ကောင်တစ်ကောင် နေ့တိုင်း စားနေကျဖြစ်ပြီး ဒီနေ့တော့ ဘာမှ မပါလာပါလား၊ ကျားဖြစ်ပြီး ဝက်ကို မနိုင်တာ ရှက်စရာကောင်းလိုက်တာ"ဟု ကျားဆိုးကြီးကို လှောင်ပြောင်လိုက်၏။ ကျားဆိုးကြီးက "မဟုတ်ဘူး မြေခွေးရဲ့၊ ဝက်တွေဟာ ဒီနေ့ ပုံစံတစ်မျိုးဖြစ်နေတယ်၊ ငါ့ကို ကြောက်လန့်ပုံ မပေါ်ဘူး"ဟု ပြန်ပြောလိုက်သည်။ ထိုအခါ မြေခွေးက "သင်တစ်ချက်လောက် ဟိန်းဟောက်လိုက်ရင် ဝက်တွေအားလုံး ကြောက်လန့်ပြီး ပြေးကြမှာပါဗျာ"ဟု ကျားဆိုးကြီးကို မြှောက်ပြောလိုက်ပါသည်။ ထို့ကြောင့် ကျားဆိုးကြီးလည်း တောင်ကြားသို့ နောက်တစ်ကြိမ် သွားခဲ့လေသည်။




www.dhammaransi.com





ကျားဆိုးကြီးသည် ဝက်များကို မြင်သည့်အခါ မြေပြင်ကို အမြီးဖြင့် တဖုန်းဖုန်းရိုက်ပြီး ဒေါသကြီးစွာ မြေကြီးကို ကုတ်ဖဲ့သည်။ ထို့နောက် ကျားဆိုးကြီးသည် ဟိန်းဟောက်လိုက်ပြီး ဝက်ကလေးအားမာန်ကို ခုန်အုပ်လိုက်၏။ ဝက်ကလေးအားမာန်သည် သူ၏ရှေ့၌ရှိသော တွင်းထဲသို့ အလျင်အမြန်ပြေးဆင်းပြီး ဝပ်နေလိုက်သည်။ ထိုအခါ ကျားဆိုးကြီးသည် အရှိန်ဖြင့် ခုန်အုပ်လိုက်ခြင်းကြောင့် ဝက်များကြို့တင်တူးထားသော တွင်းထဲသို့ ကျသွားခဲ့လေသည်။ ကျားဆိုးကြီး လုံးဝမလှုပ်ရှားနိုင်ဖြစ်သွားသည်။

ထိုအခါ ဝက်ကလေးအားမာန်သည် ကျားဆိုးကြီးကို အလျင်အမြန် ခုန်အုပ်လိုက်ပြီး သူ၏ချွန်ထက်သော အစွယ်ဖြင့် ပေါင်မှ ရင်ဝအထိ ထိုးခွဲလိုက်သည်။ အခြားဝက်များကလည်း ကျားဆိုးကြီးကို ဝိုင်း၍ တိုက်ခိုက်ကြသည်။ နောက်ဆုံး၌ စည်းလုံးညီညွတ်သော ဝက်များသည် မည်သည့်ဘေးအန္တရာယ်မှ မကျရောက်ဘဲ သာယာလှပသော တောင်ကြား၌ ပျော်ရွှင်စွာ နေထိုင်သွားကြလေသည်။



www.dhammaransi.com



# သင်ခန်းစာ (၃၂)
# အမှန်အတိုင်း ပြောကြမယ်



## လိမ်ညာသော ကျီးကန်းကြီး

ရှေးအခါက ပင်လယ်ထဲရှိ ကျွန်းတစ်ကျွန်းပေါ်တွင် ငှက်ခေါင်းဆောင်ကြီးနှင့်အတူ ငှက်များစွာ နေထိုင်ကြသည်။ သူတို့သည် စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် နေထိုင်ကြ၏။ တစ်နေ့တွင် ထိုကျွန်းပေါ်သို့ ကျီးကန်းကြီးတစ်ကောင် ရောက်လာခဲ့သည်။ ထိုကျီးကန်းကြီးသည် ငှက်များနှင့် မနီးမဝေးတွင် ခြေတစ်ဖက်တည်း ထောက်၍ ရပ်နေသည်။ ပါးစပ်ကိုလည်း ဟ ထားသည်။

ငှက်များက "ကျီးကန်းကြီး ဘာလုပ်နေတာလဲ"ဟု မေးကြ၏။ ထိုအခါ "ငါက တခြားကျီးကန်းတွေလို အသားငါး မစားဘူး၊ လေကိုပဲ စားတယ်၊ ဒါ့ကြောင့် ပါးစပ်ကို ဟ ထားတာ၊ ပြီးတော့ ခြေထောက်နှစ်ဖက်လုံး ရပ်လိုက်ရင် မြေကြီးကွဲအက်ပြီး အားလုံး ဒုက္ခရောက်နိုင်တယ်၊ ဒါ့ကြောင့် ခြေတစ်ဖက်တည်း ရပ်နေတာ"ဟု ကျီးကန်းကြီးက ပြန်ပြောလေသည်။

www.dhammaransi.com





ရှိုးသားသော ငှက်များသည် ကျီးကန်းကြီးကို လေးစားသွားကြသည်။ နောက်တစ်နေ့တွင် ငှက်များသည် သူတို့၏ သားသမီးများနှင့် ဥများကို ကြည့်ရှုစောင့်ရှောက်ပေးရန် ကျီးကန်းကြီးအား ပြောပြီး အစာရှာ ထွက်သွားခဲ့ကြသည်။ ငှက်များ အစာရှာထွက်သည်နှင့် ကျီးကန်းကြီးသည် အသိုက်ထဲရှိ ငှက်ဥများနှင့် ငှက်သားပေါက်များကို စားပစ်သည်။ ငှက်များ ပြန်လာသောအခါ ငှက်ဥများနှင့် ငှက်သားပေါက်များ ပျောက်ဆုံးနေသည့်အတွက် ဝမ်းနည်းနေကြလေသည်။

ငှက်ခေါင်းဆောင်ကြီးသည် "ဒီကျီးကန်းကြီး ရောက်လာမှ အခုလို အဖြစ်ဆိုးတွေနဲ့ ကြုံရတာ"ဟု တွေးပြီး ကျီးကန်းကြီးကို သံသယဖြစ်နေသည်။ ထို့ကြောင့် တစ်နေ့တွင် ငှက်ခေါင်းဆောင်ကြီးသည် ငှက်များနှင့် အစာရှာထွက်ဟန်ဆောင်ပြီး ကျွန်းသို့ တိတ်တဆိတ်ပြန်လာခဲ့သည်။ ထိုအခါ ငှက်ဥများနှင့် ငှက်ပေါက်လေးများကို ရက်ရက်စက်စက် သတ်ဖြတ်စားသောက်နေသော ကျီးကန်းကြီးကို တွေ့သွားသည်။



www.dhammaransi.com





ထိုနေ့ ညနေတွင် ငှက်ခေါင်းဆောင်ကြီးသည် ကျီးကန်းကြီးကို ငှက်အားလုံးရှေ့တွင် စစ်ဆေးသည်။ ထိုအခါ ကျီးကန်းကြီးသည် သူ၏အမှားကို ဝန်ခံလိုက်ရသည်။ ဒေါသထွက်နေကြသော ငှက်များက လိမ်ညာသော ကျီးကန်းကြီးကို ဝိုင်းဝန်းထိုးဆိတ်ကြရာ ထိုနေရာ၌ပင် သေဆုံးသွားခဲ့လေသည်။

## မှန်တာကိုပဲ ပြောကြမယ်

လိမ်တယ် ညာတယ်ဆိုတာရယ်
မကောင်းပါဘူးကွယ်။
ဘုရားရှင်လည်း မကြိုက်
မိဘဆရာလည်း မကြိုက်
ဆွေမျိုးတွေရော သူငယ်ချင်းတွေရော
အားလုံးကကွယ် (မကြိုက်)၂ ။
မှန်မှန်ကန်ကန် ပြောတာရယ်
အလွန်ကောင်းတာပေါ့ကွယ်။
ဘုရားရှင်လည်း ကြိုက်
မိဘဆရာလည်း ကြိုက်
ဆွေမျိုးတွေရော သူငယ်ချင်းတွေရော
အားလုံးကကွယ် (ကြိုက်)၂ ။ ။

www.dhammaransi.com



# သင်ခန်းစာ (၃၃)
## ချိုချိုသာသာ ပြောဆိုပါ





ဘုရားရှင်လက်ထက်တော်အခါက မင်းကြီးတစ်ပါးရှိခဲ့သည်။ မင်းကြီး၏မယ်တော်သည် အပြောအဆို ကြမ်းတမ်းလွန်းသောကြောင့် သူ့ကို မည်သူကမျှ ချစ်ခင်လေးစားမှု မရှိကြပေ။ ထို့ကြောင့် မင်းကြီးသည်လည်း စိတ်မချမ်းမသာ ဖြစ်ရ၏။ မင်းကြီးက မယ်တော်ကြီးကို စကားချိုချိုသာသာ ပြောဆိုစေချင်သည်။ သို့သော် မယ်တော်ဖြစ်နေသောကြောင့် အမိန့်ပေးရန်လည်း ခက်ခဲနေသည်။ ထို့ကြောင့် မင်းကြီးသည် မယ်တော်ကြီးကို နည်းပရိယာယ်သုံးပြီး ပြောဆိုရန် နည်းလမ်းရှာဖွေနေခဲ့သည်။

တစ်နေ့သ၌ မင်းကြီးသည် မယ်တော်ကြီးနှင့်အတူ အပန်းဖြေရန် ဥယျာဉ်ထဲသို့ ထွက်လာခဲ့သည်။ ထိုအချိန်တွင် ရောင်စုံအမွေးများဖြင့် လှပသော်လည်း အလွန်အသံဆိုးသော တစ်တီတူးငှက်တစ်ကောင်၏ အော်မြည်သံကို ကြားလိုက်ရသည်။ ထိုအခါ မင်းအခြွေအရံများသည် "ဟဲ့ ငှက်ယုတ် ... ကျက်သရေတုံးတဲ့ အသံကြီးနဲ့ မအော်စမ်းပါနဲ့"ဟု ပြောဆိုမောင်းထုတ်ကြသည်။ ရှေ့သို့ဆက်သွားသောအခါ အမွေးမည်းပြီး ရုပ်ဆိုးသော ဥဩငှက်တစ်ကောင်၏ အသံကို ကြားရပြန်သည်။ ထိုအသံကို ကြားသောအခါ မင်းအခြွေအရံများသည် "အို ... ဥဩငှက်လေးရယ် ... မင်းရဲ့သာယာလှတဲ့ အသံလေးနဲ့ တို့အားလုံးကို ဖျော်ဖြေပါဦး" ဟု ပြောဆိုကြလေသည်။







ထိုအဖြစ်အပျက်နှစ်ခုအား တွေ့မြင်ပြီးနောက် မင်းကြီးသည် မယ်တော်ကြီးကို သတိပေးပြောဆိုရန် ဥပမာရသွားလေသည်။ မင်းကြီးက "နားဝင်ဆိုးသောအသံရှိတဲ့ တစ်တီတူးလို ငှက်မျိုးကို ဘယ်သူမှ မချစ်ကြပါ။ အရုပ်ဆိုးပေမဲ့ အသံသာတဲ့ ဥသြငှက်လေးကိုတော့ လူတိုင်းက ချစ်ခင်ကြပါတယ်"ဟု မိခင်ကြီးအား ပြောပြပါသည်။ ထိုအခါ မယ်တော်ကြီးသည် အသိတရားရသွားပြီး လူတိုင်းကို ချိုချိုသာသာ ပြောဆိုဆက်ဆံလေတော့သည်။ လူအများကလည်း မယ်တော်ကြီးကို ရိုသေချစ်ခင်လာကြသည်။ နောက်ဆုံး၌ မယ်တော်ကြီးသည် သားတော်အား ကျေးဇူးတင်ကြောင်းပြောပြီး သားအမိနှစ်ယောက် ပို၍ချစ်ခင်ပျော်ရွှင်စွာ နေထိုင်သွားခဲ့ကြလေသည်။

**ဝစီဒုစရိုက်လေးပါး**

၁။ မုသာဝါဒ (လိမ်ညာပြောဆိုခြင်း)

၂။ ပိသုဏာဝါစာ (ကုန်းတိုက်စကား ပြောဆိုခြင်း)

၃။ ဖရုသဝါစာ (စကားကို ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခြင်း)

၄။ သမ္ဖပ္ပလာပ (အကျိုးမရှိသောစကားကို ပြောဆိုခြင်း)။

www.dhammaransi.com





## ယဉ်ကျေးကြစို့

စကားပြောဆို နားဝင်ချို၊
သိမ်မွေ့ကြစေလို။
လိမ်ညာတာကို တို့ရှောင်ရှား၊
မမှန်တဲ့ မုသား။
ထောင်လွှားမာန အပြစ်တွေ၊
မဖြစ်ကြအောင်နေ။
ရိုသေထိုက်သူ ရိုသေလို့၊
ယဉ်ကျေးကြပါစို့။ ။

www.dhammaransi.com



# သင်ခန်းစာ (၃၄)

## မွေးနေ့ပွဲ



### မွေးနေ့

ကဆုန်လပြည့် နေ့သောကြာ၊
ဗုဒ္ဓဘုရား မွေးနေ့ပါ။
ထိုနေ့မှာပင် တရားတွေ့၊
ဘုရားဖြစ်လို့ ထူးတဲ့နေ့။
တို့တစ်တွေလည်း မွေးနေ့မှာ၊
ကောင်းမှုများစွာ ပြုလုပ်ကာ။
အမှတ်ရစရာ ကုသိုလ်များ၊
မွေးနေ့တိုင်းမှာ အမြဲပွား။ ။

www.dhammaransi.com



# အဓိပ္ပာယ်ရှိသော မွေးနေ့ပွဲ





ချောစုသည် နံနက်စောစောထပြီး ဘုရားကို ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ဘုရားဂုဏ်တော်များ ရွတ်ဖတ်၍ ငါးပါးသီလဆောက်တည်သည်။ ပြီးလျှင် သတ္တဝါအားလုံးကို မေတ္တာပို့ အမျှဝေသည်။ ယနေ့သည် ချောစု၏ ရှစ်နှစ်ပြည့် မွေးနေ့ဖြစ်သည်။

ညနေတွင် ချောစုသည် ဘွားဘွားနှင့်အတူ အိမ်အနီးရှိ ဘုရားသို့ သွားသည်။ ဘုရားတွင် ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင် ကပ်လှူပူဇော်ပြီး ဘုရားရှိခိုးသည်။ သူစုထားသော မုန့်ဖိုးအချို့ကို အလှူခံပုံးတွင် ထည့်၍ လှူဒါန်းလိုက်သည်။ ဘွားဘွား တရားထိုင်နေစဉ် တံမြက်စည်းလှည်း၍ သန့်ရှင်းရေး ပြုလုပ်သည်။ ဘွားဘွားတရားထိုင်ပြီးသောအခါ ပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှုများကို ခေါင်းလောင်းထိုးပြီး အမျှပေးဝေကြသည်။ အိမ်ပြန်ရောက်သောအခါ ဘွားဘွားနှင့် ဖေဖေ၊ မေမေတို့ကို ကန်တော့သည်။



www.dhammaransi.com




တစ်နေ့တွင် ချောစုသည် သူငယ်ချင်းရွှေစင်၏ မွေးနေ့ပွဲသို့ သွားခဲ့သည်။ မွေးနေ့ပွဲကို ရွှေစင်တို့ခြံဝင်းထဲတွင် ကျင်းပသည်။ သူငယ်ချင်းများသည် ရွှေစင်အား မွေးနေ့လက်ဆောင်များ ပေးကြသည်။ သူငယ်ချင်းများစုပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။ ရွှေစင်သည် သူငယ်ချင်းများနှင့်အတူ မွေးနေ့သီချင်းဆိုပြီး မွေးနေ့ကိတ်ကို လှီးသည်။ ရွှေစင်၏ မွေးနေ့ပွဲတွင် သူငယ်ချင်းအားလုံး ပျော်ရွှင်ကြသည်။ ရွှေစင်၏ မွေးနေ့ပွဲကို ချောစု အလွန်အားကျပြီး မိမိ၏ မွေးနေ့ပွဲနှင့်ယှဉ်ကာ စိတ်မကောင်း ဖြစ်နေခဲ့လေသည်။

အိမ်ပြန်ရောက်သောအခါ၌လည်း ခမ်းနားသော ရွှေစင့်မွေးနေ့ပွဲကို မြင်ယောင်ပြီး အားငယ်နေခဲ့လေသည်။ ရွှေစင်၏မွေးနေ့ပွဲအကြောင်းကို ဘွားဘွားအား ပြောပြသည်။ ထိုအခါ ဘွားဘွားက "ရွှေစင့်မွေးနေ့ပွဲကလည်း ပျော်စရာကြီးပေါ့၊ ဒါပေမဲ့ မြေးလေးမွေးနေ့ပွဲက ပိုလို့တောင် မွန်မြတ်တယ်၊ ဘုရားကြိုက်တဲ့ မွေးနေ့ပွဲလေးပေါ့၊ ကိုယ့်မွေးနေ့မှာ ကုသိုလ်ကောင်းမှုတွေဖြစ်အောင်လုပ်မှ အဓိပ္ပာယ်ရှိတဲ့ မွေးနေ့ပွဲလို့ ခေါ်တာ" စသည်ဖြင့် ရှင်းပြလိုက်သောအခါ ချောစုလေး ပျော်ရွှင်သွားခဲ့သည်။ နှစ်စဉ်နှစ်တိုင်း မွေးနေ့ပွဲကို အဓိပ္ပာယ်ရှိအောင် ကျင်းပတော့မည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။



www.dhammaransi.com



# သင်ခန်းစာ (၃၅)
# အစွဲအလန်း ကြီးလွန်းသူ



## အစွဲအလန်းကြီးလွန်းသောလိပ်

ရှေးအခါက မြစ်ဘေးရှိ ရေကန်တစ်ကန်၌ အစွဲအလန်းကြီးသော လိပ်ကြီးတစ်ကောင် ရှိသည်။ မြစ်နှင့်ရေကန်သည် မိုးများသောအခါ တစ်ဆက်တည်း ဖြစ်သွားသော်လည်း မိုးနည်းသောအခါ တခြားစီ ဖြစ်သွားသည်။ ငါးများနှင့်လိပ်များသည် သူတို့သဘာဝအားလျော်စွာ မိုးများမည့်နှစ်၊ မိုးနည်းမည့်နှစ်များကို ကြိုတင်သိကြလေသည်။ တစ်နှစ်တွင် မိုးခေါင်မည်ကို သိနေကြသော ငါးများနှင့်လိပ်များသည် ရေကန်မှာ ရေမရှိလျှင် အသက်ဆုံးရှုံးမည်ဖြစ်သောကြောင့် ရေကန်မှ မြစ်ထဲသို့ ကူးပြောင်းသွားကြသည်။ သို့သော် နေရာကို အစွဲအလန်းကြီးသော လိပ်ကြီးသည် "ငါ့ကို ဒီကန်ထဲမှာ မွေးတယ်၊ ငါ့ကို မွေးတဲ့မိဘတွေကလည်း ဒီကန်ကြီးထဲမှာပဲ နေသွားခဲ့ကြတယ်၊ ဒီကန်ကြီးဟာ ငါ့နေရာဖြစ်တယ်၊ ဒီနေရာကနေ ဘယ်ကိုမှ မသွားနိုင်ဘူး၊ ဒီကန်ကြီးထဲမှာပဲ နေမယ်"ဟု ဆုံးဖြတ်ကာ ရေကန်ကြီးထဲမှ မပြောင်းရွှေ့ဘဲ နေခဲ့လေသည်။

www.dhammaransi.com





နွေရာသီရောက်သောအခါ ရေကန်ကြီးတွင် တဖြည်းဖြည်း ရေများ ခန်းခြောက်လာသည်။ လိပ်ကြီးသည် စိုးရိမ်မှုမရှိဘဲ သူ့ခန္ဓာကိုယ်ကြီးကို ရွှံ့ညွန်ထဲသို့ နှစ်ထားလိုက်သည်။ ထိုအခါတွင် အိုးလုပ်သားများသည် ရေကန်သို့ ရောက်လာပြီး ရွှံ့ညွန်များကို တူးလေသည်။ မာသောမြေများကို ပေါက်တူးဖြင့် အားကုန်ပေါက်လိုက်သောအခါ လိပ်ကြီးဝပ်နေသောမြေနေရာကို ပေါက်မိ၏။ လိပ်ကြီးသည် အပြင်းအထန် ဒဏ်ရာရသွားလေသည်။ “အန္တရာယ်ရှိမှန်းသိလျက် မစွဲလန်းသင့်သော နေရာဒေသကို စွဲလန်းမိသောကြောင့် အသက်ဆုံးရှုံးရတော့မှာပါလား”ဟု ညည်းတွားလျက် လိပ်ကြီး သေဆုံးသွားခဲ့လေသည်။



www.dhammaransi.com



# သင်ခန်းစာ (၃၆)

# ဘယ်လိုလူမျိုး ဖြစ်ချင်သလဲ



## မျိုးပင်ရေလောင်းသော မျောက်များ

ရှေးအခါက သာယာလှပသော ဘုရင့်ဥယျာဉ်ကြီးတစ်ခု ရှိသည်။ ထိုဥယျာဉ်ကြီးကို ဥယျာဉ်မှူးတစ်ယောက်က ပြုစုစောင့်ရှောက်နေသည်။ ထိုဥယျာဉ်ကြီးထဲတွင် မျောက်အုပ်တစ်အုပ်လည်း နေထိုင်သည်။ တစ်နေ့တွင် ဥယျာဉ်မှူးသည် အလွန်စည်ကားပြီး ပျော်ရွှင်ဖွယ်ကောင်းသော ပွဲတော်သို့ သွားရောက်လည်ပတ်လိုသည်။ သို့သော် သစ်ပင်၊ ပန်းပင်များကို ရေလောင်းပေါင်းသင်ရမည်ဖြစ်၍ ပွဲတော်သွားရန် အခက်ကြုံနေသည်။

ထို့ကြောင့် သူ့ကိုယ်စား သစ်ပင်၊ ပန်းပင်များကို ရေလောင်းပေးပါရန် မျောက်ခေါင်းဆောင်အား အကူအညီတောင်းသည်။ မျောက်ခေါင်းဆောင်ကလည်း ရေလောင်းပေးရန် သဘောတူသဖြင့် ဥယျာဉ်မှူးသည် ပွဲတော်သို့ စိတ်ချလက်ချ သွားခဲ့လေသည်။

www.dhammaransi.com





မျောက်များသည် သစ်ပင်၊ ပန်းပင်များကို ရေလောင်းကြသည်။ မျောက်ခေါင်းဆောင်က "အို ... မျောက်အပေါင်းတို့ ... ရေကို မဖြုန်းကြနဲ့၊ အရင်ဆုံး အပင်ကို နုတ်ပြီး အမြစ်ကို ကြည့်ကြ၊ အမြစ်က သေးသေးဆိုရင် ရေကို နည်းနည်းလောင်း၊ အမြစ်က ကြီးကြီးဆိုရင် ရေကို များများလောင်း"ဟု ညွှန်ကြားသည်။ မျောက်များသည် ခေါင်းဆောင်ခိုင်းသည့်အတိုင်း သစ်ပင်များကို နုတ်ကြည့်ပြီးမှ ရေလောင်းကြရာ ဥယျာဉ်တစ်ခုလုံး ပျက်စီးသွားခဲ့လေသည်။



www.dhammaransi.com


# သင်ခန်းစာ (၃၇)
## မိုက်မဲသော သား



ရှေးလွန်လေပြီးသောအခါက ရွာတစ်ရွာ၌ လက်သမားသားအဖနှစ်ယောက်ရှိလေသည်။ ဖခင်လက်သမားကြီးသည် သူ့သား၏ ဉာဏ်ရည်ချို့တဲ့မှုကို စိတ်မကောင်းဖြစ်နေမိသည်။ တစ်နေ့သ၌ တံခါးလုပ်ရန် သစ်သားချောင်းများကို ဖြတ်နေသော ဖခင်လက်သမားကြီး၏ နဖူးတွင် ခြင်တစ်ကောင်ကိုက်နေသည်။ ထိုအခါ လက်သမားကြီးသည် သူ့သားကို "သားရေ ... အဖေ့နဖူးမှာ ခြင်ကိုက်နေလို့ လာမောင်းပေးစမ်းပါ"ဟု ပြောလိုက်သည်။

သားသည် "အဖေ ... ခဏနော်"ဟု ပြောပြီး ခြင်မောင်းရန် ပစ္စည်းလိုက်ရှာသည်။ ထိုအခါ အနီးမှာရှိသော ပုဆိန်တစ်လက်ကို တွေ့ပြီး ဖခင်အနားကို သွားခဲ့သည်။ လက်သမားကြီးသည် သူ၏ အလုပ်ကို အာရုံစိုက်နေသောကြောင့် သားကို သတိမထားမိခဲ့ပါ။ သူ၏သားသည် "ကဲဟာ"ဟု ဆိုပြီး ပုဆိန်ဖြင့် ခြင်ကို အားကုန်လွှဲရိုက်လိုက်သည်။ ထိုအခါ လက်သမားကြီးသည် သား၏ ပုဆိန်ရိုက်ချက်ဖြင့် ထိုနေရာမှာပင် ကွယ်လွန်သွားခဲ့သည်။

ထိုအခါမှ သားဖြစ်သူလည်း ပုဆိန်ကို လွှင့်ပစ်ပြီး ဖခင်ကြီးကို ဖက်လျက် ငိုကြွေးလေသည်။ ဖခင်ကြီးကို သေစေလိုစိတ် မရှိသော်လည်း ယခုကဲ့သို့ ဖြစ်သွားသောကြောင့် သားသည် အလွန်စိတ်ထိခိုက်သွားလေသည်။



www.dhammaransi.com


# သင်ခန်းစာ (၃၈)

## အားလုံးကို ချစ်မယ်



ပိန်ပိန်လေးကို ချစ် ... ဝဝကြီးလည်း ချစ်၊
ပိန်ပိန်လေးရော ဝဝကြီးရော ပိန်ပိန်လေးရော ချစ်။
ရှည်ရှည်ကြီးကို ချစ် ... ပုပုလေးလည်း ချစ်၊
ရှည်ရှည်ကြီးရော ပုပုလေးရော ရှည်ရှည်ကြီးရော ချစ်။
ဖြူဖြူလေးကို ချစ် ... မည်းမည်းလေးလည်း ချစ်၊
ဖြူဖြူလေးရော မည်းမည်းလေးရော ဖြူဖြူလေးရော ချစ်။
လူအားလုံးကို ချစ် ... လူတွေအားလုံး ချစ်၊
ပိန်ပိန် ဝဝ ရှည်ရှည် ပုပု ဖြူဖြူ မည်းမည်း ချစ်။


မေမေကြီးကို ချစ် ... ဖေဖေကြီးလည်း ချစ်၊
မေမေကြီးရော ဖေဖေကြီးရော မေမေကြီးရော ချစ်။
ကိုကိုကြီးကို ချစ် ... မမကြီးလည်း ချစ်၊
ကိုကိုကြီးရော မမကြီးရော ကိုကိုကြီးရော ချစ်။
ဆရာမကြီးကို ချစ် ... ဆရာမလေးလည်း ချစ်၊
ဆရာမကြီးရော ဆရာမလေးရော ဆရာမကြီးရော ချစ်။
လူအားလုံးကို ချစ် ... လူတွေအားလုံး ချစ်၊
မေမေ ဖေဖေ ကိုကို မမ ဆရာအားလုံးကို ချစ်။ ။

www.dhammadownload.com



# သင်ခန်းစာ (၃၉)

## ဘုရားပွဲတော်



မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် စေတီပုထိုးများကို တွေ့မြင်ဖူးမြော်နိုင်ပါသည်။ ထို့ကြောင့် နိုင်ငံခြားသားများက မြန်မာနိုင်ငံကို စေတီပုထိုးပေါများသောနိုင်ငံဟု သတ်မှတ်ပြောဆိုကြခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် မြတ်စွာဘုရားကို အမြဲသတိရစေရန် ရည်ရွယ်၍ ဘုရားရှင်ကိုယ်စား စေတီပုထိုးများကို တည်ထားကိုးကွယ်ကြခြင်း ဖြစ်ပါသည်။

စေတီပုထိုးများ၌ လူအများ လာရောက်ပြီး တရားထိုင်ခြင်း၊ ဘုရားရှိခိုးခြင်း၊ တရားစာများ ရွတ်ဖတ်ခြင်း စသော ကောင်းမှုကုသိုလ်များ ပြုလုပ်လေ့ရှိကြပါသည်။ ထိုကောင်းမှုများကို မိမိတို့အိမ်များတွင်လည်း ပြုလုပ်နိုင်ပါသည်။ သို့သော် စေတီပုထိုးများသို့ လာရောက်ပြုလုပ်ခြင်းက ပိုမို၍ တိတ်ဆိတ်အေးချမ်းသဖြင့် ကုသိုလ်ပိုရနိုင်သည်ဟု ယုံကြည်ကြပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် စေတီပုထိုးများကို တည်ထားပြီး ကြာရှည်တည်တံ့ရန်လည်း ထိန်းသိမ်းကြသည်။ ထို့အပြင် ဘုရားပွဲတော်များကိုလည်း နှစ်စဉ်နှစ်တိုင်း ကျင်းပကြသည်။

www.dhammaransi.com





အချို့ဒေသများတွင် သက်တမ်းကြာမြင့်သော စေတီပုထိုးများကို ပြုပြင်ထိန်းသိမ်းရန် ရည်ရွယ်ပြီး အလှူငွေရရှိရေးအတွက် ဘုရားပွဲတော်များ ကျင်းပကြသည်။ တစ်နှစ်တစ်ခါ ကုသိုလ်ကောင်းမှုများ ပြုလုပ်ရန်၊ မိသားစုများနှင့် ပြန်လည်တွေ့ဆုံရန်၊ တစ်မြို့နှင့်တစ်မြို့ ကူးသန်းရောင်းဝယ်ရေး အဆင်ပြေစေရန်နှင့် ဘုရားသမိုင်းကို အမှတ်ရစေရန် ရည်ရွယ်၍လည်း ဘုရားပွဲတော်များ ကျင်းပကြသည်။ နေရာဒေသအလိုက် ဘုရားပွဲတော်ကျင်းပခြင်း၏ အခြားအကြောင်းများလည်း ရှိပါသေးသည်။

ဘုရားပွဲတော်တွင် ဒေသထွက်ပစ္စည်းများရောင်းချသော ဆိုင်ခန်းများ၊ ပြပွဲပြိုင်ပွဲများ စသည်တို့ဖြင့် စည်စည်ကားကား ကျင်းပလေ့ရှိသည်။ ထို့အပြင် ဘုရားပွဲတော်အတွင်း၌ ရင်ပြင်တော်ပေါ်သို့ သွားရောက်ကာ ဘုရားရှင်၏ ဂုဏ်တော်များကို ပွားများပြီး ဘုရားရှိခိုးခြင်း၊ ပန်း၊ဆီမီး၊အမွှေးတိုင်များ ကပ်လှူပူဇော်ခြင်း၊ တရားစာများ ရွတ်ဖတ်ပူဇော်ခြင်း စသော ကောင်းမှုကုသိုလ်များလည်း လုပ်ဆောင်နိုင်ကြပါသည်။ ထို့ကြောင့် ဘုရားပွဲတော်များသို့ လာရောက်ကြသူများသည် ကုသိုလ်ရပြီး ပျော်ရွှင်နိုင်သကဲ့သို့ စိတ်ဝင်စားဖွယ် အာရုံအမျိုးမျိုးကိုလည်း ခံစားနိုင်ကြပါသည်။

## တောဘုရားပွဲ

တစ်နှစ်မှာ တစ်ခါနွဲတဲ့၊
တောဘုရားပွဲ သွားရအောင်။
နွားညီနောင် လှည်းယာဉ်ကျော့၊
ခေါင်းမော့ လည်ထောင်။
လိုက်မှာလား ကိုဖိုးမောင်၊
မမှောင်ခင် အရောက်မောင်း။
တောင်စောင်း ဟိုတစ်ဖက်ဆီက၊
စေတီသာ ပွဲတော်ခင်း၊
လှမ်းရင်း ဆုတောင်း။ ။



www.dhammaransi.com



# သင်ခန်းစာ (၄၀)

## ဆယ့်နှစ်လရာသီ ပွဲတော်များ



တန်ခူးလ သင်္ကြန်ပွဲ



ကဆုန်လ ညောင်ရေသွန်းပွဲ



နယုန်လ စာတော်ပြန်ပွဲ



ဝါဆိုလ ဝါဆိုပွဲ



ဝါခေါင်လ စာရေးတံမဲပွဲ



တော်သလင်းလ လှေပြိုင်ပွဲ

www.dhammaransi.com





သီတင်းကျွတ်လ မီးထွန်းပွဲ



တန်ဆောင်မုန်းလ
ကထိန်ပွဲ၊ တန်ဆောင်တိုင် မီးထွန်းပွဲ




နတ်တော်လ စာဆိုတော်ပွဲ



ပြာသိုလ မြင်းခင်းပွဲ



တပို့တွဲလ ထမနဲပွဲ




တပေါင်းလ သဲပုံစေတီပွဲ၊ တပေါင်းပွဲ

www.dhammaransi.com

# အိမ်ပြန်မယ်

ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... ဘုရားဝတ်ပြုကြစို့ကွယ် ... ။
ဘုန်းဘုန်း (ဆရာလေး) ကိုလည်း ကန်တော့မယ် ... ။
ဆရာမကိုလည်း ကန်တော့မယ် ... နှုတ်ဆက်ကြစို့ကွယ် ...။
ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... ပစ္စည်းတွေလည်း သိမ်းစို့ကွယ် ... ။
ဟိုဟိုဒီဒီလည်း မသွားဘူးကွယ် ... ရန်လည်း မဖြစ်ဘူးကွယ် ... ။
အိမ်ကို အရောက်ပြန်မယ် ... ။
ဓမ္မစကူးလ်ကကွယ် အိမ်ပြန်မယ် ... သူငယ်ချင်းတွေလည်း နှုတ်ဆက်မယ် ... ။
ကျောင်းလည်း မပျက်ဘူးကွယ် ... နောက်တစ်ပတ်တွေ့ကြမယ် ... ။
တာ့တာ တာ့တာကွယ် ... အို ... တာ့တာ တာ့တာကွယ် ... ။ ။




အမှတ် ၂၉၃၈၂
ရက်စွဲ ၂၃.၇.၁၅

www.dhammaransi.com

ဓမ္မစကူးလ်ဖောင်ဒေးရှင်း